ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ရက်၊ တနင်္ဂနွေနေ့၊ (16-5-2004) (၄၂၁၅)

ယနေ့ထုတ်စောင်ရေ ၁၉၇၃၈၂

ခန္တီ စ
ဧတံ မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်နေသော ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် Fortinet Antivirus Firewall သရုပ်ပြရှင်းလင်းပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁၅

Bagan Cybertech **၏ ပံ့ပိုးကူညီမှုဖြင့်** e-Government **လုပ်ငန်းများကို အထောက်အကူပြုရန် ရည်ရွယ်ကာ** Fortinet Company **၏ မြန်မာနိုင်ငံတွင် ပထမဦးဆုံး တရားဝင် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်** Myanmar Millennium Group Co., Ltd **အား ပေးအပ်ခြင်းနှင့်** "Fortinet Antivirus Firewall"**ပစ္စည်းသစ် မိတ်ဆက်သရုပ်ပြ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။**

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ကွန်ပျူတာကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကို ကြိုဆိုပါ၏။

16-5)km.P65 1 16/5/04, 1:25 AM

ကြေးမုံ The Mirror

၁၆–၅–၂၀၀၄
(တနင်္ဂနွေနေ့)

ဒေသစိမ်းလန်းစိုပြည်ရေးကြိုးပမ်း သစ်တောစိုက်ခင်းများ ထူထောင်စိုက်ပျိုး

မြန်မာနိုင်ငံသည် သဘာဝတောတောင်ရေ၊ မြေ အလှအပများဖြင့် ပြည့်စုံသောနိုင်ငံဖြစ်သည်။ သဘာဝအမွေအနှစ် များဖြစ်သည့် သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေများဖြင့် စနစ်တကျထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။

နိုင်ငံတော်က သဘာဝအခြေအနေများကြောင့် တောတောင်များ မပျက်စီးစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ဥပဒေများ၊ မူဝါဒများချမှတ်ခြင်း၊ အခြေခံအဆင့်အထိ အသိပညာပေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၃၀ ရက်နေ့က ပဲခူးမြို့သီရိဥသာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်ပြီး ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ ပြည်သူလူထု၏လိုအပ်ချက်များ၊ ပညာပေးရေး၊ တားဆီးထိန်းသိမ်းရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရေးကိစ္စများကို မှာကြားသွားသည်။

ပဲခူးရိုးမသည် အဖိုးတန်ကျွန်းနှင့် သစ်မာများထွက်ရှိရာဒေသဖြစ်သည်။ ထို့အပြင် ဒေသခံပြည်သူများ စိုက်ပျိုးရေ ဖူလုံစေရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးတို့အတွက် ဆည်တမံ ၃၅ ခုကို ပဲခူးရိုးမပတ်လည်တွင် တည်ဆောက်ထားသည့်ဒေသဖြစ်သည်။

ထို့ကြောင့် အဆိုပါဆည်တမံကြီးများတွင် ဆည်ရေအပြည့်အဝရရှိထိန်းသိမ်းနိုင်ရန် ရေဝေ ရေလဲသစ်တောများကို အထူးအလေးထား ထိန်းသိမ်းကြရန် လိုအပ်သည်။ အထူးသဖြင့် ကြိုးဝိုင်းသစ်တောများအတွင်း ကျူးကျော်ဝင်ရောက်၍ တောင်ယာလုပ်ကိုင်ခြင်း၊ စည်းကမ်းမဲ့ သစ်၊ မျော၊ ဝါး၊ ထင်း၊ မီးသွေး ထုတ်ယူသုံးစွဲခြင်းများကြောင့် သစ်တောများ ပြုန်းတီးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

သစ်တောများပြုန်းတီးစေသည့် စည်းကမ်းမဲ့ဆောင်ရွက်မှုများကို တားဆီးအရေးယူရန် လိုအပ်သကဲ့သို့ ပြည်သူတို့၏ လိုအပ်ချက်များကို စနစ်တကျ နေရာသတ်မှတ်၍ စည်းကမ်းတကျ ထုတ်ယူသုံးစွဲကြရေး စည်းရုံးပညာပေး ကြပ်မတ်သွားကြရမည်ဖြစ်သည်။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်း စီမံချက်ကို၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစီမံချက် လုပ်ငန်းများတွင် ပဲခူးရိုးမနယ်မြေ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာ ဧက ၄ ဒသမ ၇၇ သန်းအနက် သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်း ဧက ၁၃ ဒသမ ၃သိန်း၊ ကျွန်း စိုက်ခင်းဧက ၈၆၅၀၀ နှင့် ရေဝေရေလဲစိုက်ခင်း ဧက ၇၃၆၅၀ အပါအဝင် စိုက်ခင်းဧက ၁၉၉၆၄၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အပြင် သဘာဝတော တန်ဖိုးမြှင့်ခြင်း ဧက ၁၅၉၁၀၀၊ ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၈၂ ဒသမ ၉၅၀ တို့ပါဝင်မည်ဖြစ်သည်။ ကျူးကျော်တောင်ယာများ လျှော့နည်းပပျောက်ရေး၊ သီးနှံသစ်တောရောနှောစိုက်ခြင်း၊ စံပြသစ်တောရွာ တည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၂၀၀၄ခုနှစ် မေလမှစ၍ ငါးနှစ်စီမံချက်ဖြင့် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်၍ သစ်တောနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု မွန်ပြည်နယ်ရှိ တောင်သူလယ်သမားများအား တွေ့ဆုံ

ရန်ကုန် မေ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် မေ၁၀ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့သို့ရောက်ရှိလာရာ ကြာအင်းဆိပ်ကြီးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ငြိမ်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် တပ်နယ်ရိပ်သာ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံရာ တာဝန်ရှိသူများက မြို့ရေရရှိရေးနှင့် မြို့တွင်းလမ်း ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကြာအင်းဆိပ်ကြီးမြို့ ရေပေးဝေရေးအတွက် ငါးရံ့ခေါင်းတိုရေကန်မှ ရေတင်ပေးပို့နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေကန်သန့်ရှင်းတည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် တာဝန်ရှိသူများအား မှာကြားကာ မြို့ရေပေးဝေရေးရေလှောင်ကန်မှတစ်ဆင့် မြို့တွင်းသို့ ရေပေးပို့နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး ဆွေးနွေးမှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုဒုံမြို့နယ် ကော့ပရံကျေးရွာသို့ရောက်ရှိပြီး ကွင်းအမှတ်–၈၇၄(ခ)၊ ဒေသခံတောင်သူဦးရဲ၏ လယ်မြေ၌ ကျင်းပသည့် မုဒုံမြို့နယ် ဒေသခံတောင်သူများ၏ စပေါင်းနုန်းချခြင်းနှင့် မိုးကြိုထယ်ရေးပြင်ဆင်ခြင်း အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ မုဒုံမြို့နယ် စိုက်ပျိုးပညာပေးစခန်း၊ ဒေသထွက်သဘာဝဓာတ်မြေဩဇာ အရောင်းပြခန်းနှင့် စက်မှုလယ်ယာသုံး စက်ပစ္စည်းများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေး ပညာပေးစခန်းခန်းမ၌ မုဒုံမြို့နယ်မှ ဒေသခံတောင်သူများအား တွေ့ဆုံ၍ ပြည်နယ်တစ်ခုလုံး တစ်ဧကစပါးတင်း ၁၀၀ ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးစရိတ်သက်သာရေးအတွက် စပါးကိုကြိုးတန်း၍ တိုက်ရိုက်အစေ့ချ စိုက်ပျိုးရန်၊ အထွက်ကောင်းမျိုးကောင်း မျိုးသန့်စပါးများကိုသာ ရွေးချယ်စိုက်ပျိုးရန်နှင့် ဒေသထွက် သဘာဝဇီဝမြေဩဇာများကိုပါ သုံးစွဲကြရန် ဆွေးနွေးမှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တာဝန်ရှိသူများနှင့်အတူ မေ ၁၄ရက်က ဗိုလ်ချုပ်ဈေးသစ်ရှေ့တွင် စင်္ကြံကျောက်ပြားများခင်းနေသည်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ငွေးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။ (က–ပ)

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ အကောက်ခွန်ဦးစီးဌာန၏ (၁၇)ကြိမ်မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ကျင်းပရာ အဆိုပါကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၏ဇနီး ဒေါ်ခင်သန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး ဒေါ်သီတာဝင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့်ဇနီး ဒေါ်အိအိလွင်၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် အခမ်းအနားကို ဓမ္မဝိဇ္ဇာဓမ္မာရုံကြီး၌ ဆက်လက်ကျင်းပရာ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာန နာယကဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ် တော်မူကြသည်။

ထို့နောက် ဝန်ကြီး၏ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ အကောက်ခွန်ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထံမှ အနုမောဒနာ တရားနာကြားကြ ကာလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အလှူတော်မင်္ဂလာတွင် ရဟန်းလောင်း ၆၂ပါး၊ ရှင်သာမဏေလောင်း ၁၀ပါးနှင့် သီလရှင်လောင်း ၂၁ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည်။(သတင်းစဉ်)

တနင်္သာရီတိုင်း မြိတ်မြို့ ထားဝယ်စုရပ် ဒီ–အက်ဖ်–ဂျီ မီးသတ်ရှေ့ ဗိုလ်ချုပ်လမ်း အမှတ်(၁၈၁/အေ) နေဦးချင်တိတ်၊ ဒေါ်သန်းစိန် မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန် အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ မေ ၁၁ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရခိုင်ရိုးမ ကစ္ဆပနဒီအနာဂတ်ဆီသို့

မောင်ဒဂုံ

နာရီကန်တံတား

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်-စစ်တွေ ကားလမ်းပေါ်ရှိ နာရီကန်ချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသော နာရီကန်တံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

ရခိုင်ပြည်နယ် ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ နာရီကန်တံတားဖွင့်ပွဲ အခမ်းအနားသို့ ၂၀၀၄ ခုနှစ် ဧပြီလ ၁၇ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့က စာရေးသူ ရောက်ရှိသွားခဲ့၏။ နာရီကန်တံတားသည် သံကူကွန်ကရစ် အမျိုးအစား တံတားဖြစ်ပြီး တံတားအရှည် ပေ ၃၀၀၊ အကျယ် ပေ ၃၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိ နှစ်လမ်းသွား တံတားဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အနေဖြင့် တည်ဆောက်ခဲ့သည့် ၁၈၃ စင်း မြောက် ပေ ၁၈၀ အထက် တံတားတစ်စင်း ဖြစ်သကဲ့သို့ ရခိုင်ပြည်နယ်အတွက်ဆိုပါက ၂၉ စင်းမြောက် တံတား လည်းဖြစ်သည်။ မကြာသေးမီ ၂၀၀၄ ခုနှစ် မတ်လ ၂၂ ရက်ကလည်း ရန်ကုန်-ကျောက်ဖြူ ကားလမ်းပိုင်း ရမ်းဗြဲမြို့နယ်တွင် အလျား ၅၉၂ ဒသမ ၄ ပေရှိ ဒီးဒုတ်ပေါက် တံတားကို ၂၈ စင်းမြောက် တံတားအဖြစ် ဖွင့်လှစ်ပေး ခဲ့ပြီးဖြစ်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက် မြင့်မားရေးအတွက် စစ်တွေမြို့နယ် အပါအဝင် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု သတ်မှတ်ဆောင်ရွက်နေသကဲ့သို့ မြို့နှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းအောင်လည်း လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် သောက်သုံးရေ၊ စိုက်ပျိုးရေ ရရှိရေးစသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင် အထည်ဖော်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးသည် အဓိကဖြစ်ရာ တစ်ချိန်က လေကြောင်းလမ်းနှင့် ရေကြောင်းလမ်းကိုသာ အဓိက အားထားအသုံးပြုခဲ့ရပြီး သွားလာမှုခက်ခဲသည့် ရခိုင် ပြည်နယ်တွင် နိုင်ငံတော်က လမ်း၊ တံတားများစွာကို ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိသည်။ မြေမျက်နှာသွင်ပြင်ကို လေ့လာပါက အရှေ့ဘက်တွင် ရခိုင်ရိုးမသည် တောင်ကုန်း တောင်တန်း ထူထပ်စွာဖြင့် မြောက်မှတောင်သို့ သွယ်တန်း ကာ ပြည်မနှင့် သဘာဝအတားအဆီးသဖွယ် ဖြစ်နေ သကဲ့သို့ အနောက်ဘက်တွင် ကမ်းရိုးတန်းအရှည် မိုင် ၃၆၀ ခန့် ရှည်လျားသော ဘင်္ဂလားပင်လယ်အော်ရှိပြီး လေးမြို့မြစ်၊ ကစ္ဆပနဒီမြစ်၊ မေယုမြစ်နှင့် နတ်မြစ်တို့က စီးဝင်နေ၏။ ထို့ကြောင့် ရခိုင်ပြည်နယ်သည် ရိုးမ တောင်တန်းနှင့် ပင်လယ်အကြား မြောက်မှတောင်သို့ သွယ်တန်းတည်ရှိနေသော မြစ်ချောင်းများ၊ ရွံ့ညွန်များ၊ ဒီရေတောများ၊ ကျွန်းငယ်များ ပေါများသည့် ဒေသတစ်ခုဟု ပြောရမည်ဖြစ်၏။

နိုင်ငံတော်အနေဖြင့် ရန်ကုန်-စစ်တွေ ပြည်ထောင်စု လမ်းမကြီးကို ၂၀၀၀ ပြည့်နှစ်တွင် ဖောက်လုပ်ပေးခဲ့၏။ ယခင်က ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်၊ တိုင်းများ အကြား ဆက်သွယ်သော ကုန်းလမ်းဝင်ပေါက် သုံးခု ဖြစ်သည့် အမ်း-မင်းဘူးလမ်း၊ တောင်ကုတ်-ပန်းတောင်း လမ်းနှင့် ဂွ-ငါးသိုင်းချောင်းလမ်းများ ရှိသော်လည်း ပြည်နယ်အတွင်းပိုင်း ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ် သွားလာနိုင်သည့် မော်တော်ကားလမ်း မရှိသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေခဲ့သည်။ ယခုအခါ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားပြည်သူများ အနေဖြင့် စစ်တွေ-မြောက်ဦး-အမ်းမှ ဧရာဝတီမြစ်ကူး မကွေးတံတားသို့လည်းကောင်း၊ ကျောက်ဖြူ-မအီ- တောင်ကုတ်မှ ဧရာဝတီမြစ်ကူး နဝဒေးတံတား(ပြည်) သို့လည်းကောင်း၊ ဧရာဝတီတိုင်း ငါးသိုင်းချောင်းမှ ဂွ-သံတွဲ-တောင်ကုတ်-ပန်းတောင်းသို့လည်းကောင်း၊ နိုင်ငံနှင့်အဝန်း ကူးလူးဆက်သွယ် သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ်ကို ကိုယ်တိုင်ကိုယ်ကျ အသုံးပြုကူးလူး ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ထို့အပြင် တောင်ကုတ်နှင့် မအီကို အခြေပြုပြီး ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးကို ရွှံ့ညွန်တောများ အတွင်း Geotextile နည်းကိုသုံး၍ ခက်ခဲစွာဖြတ်ကျော် ဖောက်လုပ်လျက်ရှိပြီး အဆိုပါ လမ်းမကြီးနှင့်အတူ ကျန်ရှိသော လုံးတော်ပေါက်၊ သံသမကြီး၊ သံသမချေ၊ သဇင်တန်ပေါက်၊ မင်းကျောင်းတံတားကြီးများ ဆောက်လုပ် ပြီးစီးသွားပါက မအီ-ကျောက်ဖြူလမ်း၊ အမ်း-မအီ- တောင်ကုတ်လမ်းတို့ ပေါ်ထွက်လာပြီး ရခိုင်ပြည်နယ်မြောက် ပိုင်းနှင့် တောင်ပိုင်းတို့ကိုဆက်စပ်ပေးသော ရခိုင်ကမ်းရိုးတန်း လမ်းမကြီးအဖြစ်လည်းကောင်း၊ ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးသည်လည်းကောင်း တိုးတက်ဖြစ်ထွန်းလာတော့ မည်ဖြစ်၏။ ထူးခြားသည့်အချက်မှာ ကားလမ်းမကြီးနှင့် တံတားကြီးများကို မြန်မာအင်ဂျင်နီယာများဖြင့်သာ တစ်ချိန်တည်း တစ်ပြိုင်တည်း နေ့ည ဖောက်လုပ် တည်ဆောက်ပြီး ယင်းသို့ဆောင်ရွက်ရာတွင်လည်း သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိအောင် ဒီရေတောများကို အတတ်နိုင်ဆုံး ရှောင်ကွင်းဆောင်ရွက်နေခြင်းပင်ဖြစ်၏။ မကြာသောကာလတွင် ရန်ကုန်မှ ကျောက်ဖြူအထိ ရာသီမရွေး သွားလာနိုင်တော့မှာဖြစ်သလို ဒေသခံ တိုင်းရင်းသားများအချင်းချင်းလည်း ရခိုင်ပြည်နယ်အတွင်း ခရိုင် လေးခုအား တစ်ဆက်တစ်စပ်တည်း ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်နိုင်ကြတော့မှာဖြစ်၏။

ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်အနေ ဖြင့် အနာဂတ်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီး ယခင်ကထက် ဘက်စုံဖွံ့ဖြိုး တိုးတက်လာတော့မည်မှာ အမှန်ပင်ဖြစ်၏။ ရခိုင်ပြည်နယ် သည် ယခင်နှစ်က မိုးစပါး ဧက ၉၅၇၀၀၀ ကျော် စိုက်ပျိုး နိုင်ခဲ့ပြီး ယခုနှစ်မိုးရာသီတွင် စိုက်ဧက ၁၀ သိန်းကျော် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၏။ တစ်နိုင်ငံလုံး ရည်မှန်းချက်ဖြစ်သော တစ်ဧကလျှင် စပါးတင်း ၁၀၀ ထွက်ရှိရေး အကောင်အထည် ဖော်လျက်ရှိသကဲ့သို့ ရခိုင် ပြည်နယ်ကို ဧရာတ်ကောင်းပြည်နယ် ဖြစ်စေရေးအတွက် လည်း တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေ၏။ စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် နိုင်ငံတော်အနေဖြင့် ယခင်နှစ်က အမ်းမြို့နယ် ဟင်းရွက် ချောင်း ရေလှောင်တမံကို ဖွင့်လှစ်ပေးခဲ့သကဲ့သို့ မြောက်ဦး မြို့နယ်နှင့် မင်းပြားမြို့နယ်မှ လယ်မြေဧက ၄၀၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေပြီး ရေအားလျှပ်စစ်ကိုပါ ထုတ်လုပ် နိုင်မည့် ရမ်းချောင်းရေလှောင်တမံကိုလည်း ဆက်လက် တည်ဆောက်သွားရန်ရှိသည်။ ထို့အပြင် နိုင်ငံတော်က ဒေသအတွင်း သုံးစွဲရန် လျှပ်စစ်စီမံကိန်းများဖြစ်သည့် သတဲချောင်းစီမံကိန်း၊ သံတွဲစီမံကိန်း၊ ကျိန္တလီစီမံကိန်းနှင့် အမ်းချောင်းဖျား စီမံကိန်းများကို မကြာမီ အကောင် အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

စွမ်းအင်ကဏ္ဍအနေဖြင့် ရခိုင်ကမ်းလွန်ဒေသတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့လုပ်ကွက် အေဝမ်း၊ ရွှေ အစမ်းတွင်း ရွှေဖြူနှင့်ငွေ လုပ်ကွက်များကို မကြာသော ကာလတွင် ပြည်ပကုမ္ပဏီအချို့၏ ရင်းနှီးမြှုပ်နှံ ပါဝင် လုပ်ကိုင်မှုဖြင့် ဆောင်ရွက်တော့မည်ဖြစ်၏။ စမ်းသပ်တွေ့ရှိ ချက်များအရ ၄ ဒသမ ၂၅ ထရီလီယံကုဗပေရှိပြီး ရွှေဖြူနှင့်ငွေ အစမ်းတွင်း၌ ၁၄ ထရီလီယံကုဗပေခန့် ရှိနိုင်ကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Daewoo International မှ ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။ ရခိုင်ပြည်နယ်သည် ပင်လယ်ပြင်သယံဇာတ ကြွယ်ဝသည့် အလျောက် အဓိကအနေဖြင့် ကမ်းနီး၊ ကမ်းဝေး ငါး၊ ပုစွန် ဖမ်းဆီးသည့် လုပ်ငန်းကို တွေ့ရှိရသည်။ မြေပုံမြို့နယ် ကမ်းထောင့်ကြီး ကျေးရွာအနီးတွင် ကဏန်းလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေပြီး ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်သို့ တင်ပို့လျက်ရှိသကဲ့သို့ ပုစွန်ခြောက်၊ ရေခဲပုစွန်(ခေါ်) ပုစွန်ကျားနှင့် ရေခဲကိုင်ငါးများကိုလည်း ကျောက်ဖြူ-တောင်ကုတ်မှတစ်ဆင့် ရန်ကုန်သို့ ရောင်းချနေ ၏။ ရေခူရာသီမှာ ဖေဖော်ဝါရီလမှ မေလအထိဖြစ်သည်။ ယခုနှစ် ရေခူရာသီတွင် လုပ်ငန်းများဆောင်ရွက်လျက် ရှိသည်ကို မြင်တွေ့ရ၏။ အခြားရေထွက် ပစ္စည်းတစ်မျိုးမှာ သဲနှင့်ရွှံ့ရောစပ်နေသော ပင်လယ်ပြင်ကြမ်းခင်းမှ ဖမ်းဆီး ရမိသော ပင်လယ်ခရုဖြစ်သည်။ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်များမှာ လုပ်ကိုင်ကြ၏။ ခရုထဲမှ အသားကို ထုတ်၍ ရေခဲရိုက်ပြီး ရန်ကုန်သို့ ပို့ဆောင်ရောင်းချသည်။ ရခိုင် ပင်လယ်ပြင်မှာ ဖမ်းမကုန်နိုင်အောင် သား၊ ငါး၊ ပုစွန်၊ ရေခူ၊ ခရုတွေ ပေါများသောကြောင့် နောင်တွင် ခေတ်မီသိပ္ပံနည်းကျ တိုးချဲ့လုပ်ကိုင်သည်နှင့်အမျှ သားငါး ကဏ္ဍမှ နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းတစ်ခု အဖြစ် ရပ်တည်လာနိုင်တော့မည်ဖြစ်၏။ ကျောက်ဖြူသည် ရေနက် ဆိပ်ကမ်း တည်ဆောက်ရန် အခြေခံကောင်းများရှိပြီး သံတွဲ ငပလီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနက ပုဂ္ဂလိကကုမ္ပဏီများနှင့် အဆင့်တိုးမြှင့် ဆောင်ရွက် လျက်ရှိ၏။ ငပလီကမ်းခြေသည် သဘာဝပတ်ဝန်းကျင် များ ပျက်စီးယိုယွင်းမှု မရှိအောင် ထိန်းသိမ်းထားသည့် အလျောက် ယနေ့တိုင် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင် နေဆဲပင်ရှိနေ၏။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် ဧပြီလ ၅ ရက်နေ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောက်ရှိနေစဉ် ရမူး(ပန်းဝါ)သို့ ရောက်ရှိပြီး ဘင်္ဂလားဒေ့ရှ်-မြန်မာ ချစ်ကြည်ရေးလမ်း တည်ဆောက်ခြင်း အထိမ်းအမှတ် ကျောက်စာတိုင် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ၃၆ ကီလိုမီတာ ရှည်သော ရမူး(ပန်းဝါ)-ဂွန်ဒေါင်း လမ်းအပိုင်းအား ဖောက်လုပ်ပြီးဖြစ်ရာ ဆက်လက်၍ ရခိုင်ပြည်နယ် စစ်တွေ မြို့သို့ သွားရောက်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရှိရသောကြောင့် ဘင်္ဂလားဒေ့ရှ်- မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ကျရာကဏ္ဍ အသီးသီး၌ ပါဝင်ဆောင်ရွက်ကြရာတွင် မိမိတို့နိုင်ငံ သည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရာ သူများတွေ တစ်လှမ်းလှမ်းက မိမိတို့ သုံးလှမ်းလောက် လှမ်းနိုင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတကာနဲ့ ယှဉ်ပြီး ရင်ပေါင်တန်းလိုက်နိုင်အောင်၊ ပြည်သူတို့ရဲ့ လူနေမှုဘဝ အဆင့်အတန်း မြင့်မားအောင်၊ မိမိတို့ နောင်လာနောက်သားများ မပင်မပန်းလုပ်ကိုင် နေထိုင် စားသောက်နိုင်အောင် မိမိတို့ တာဝန်ယူသည့် လက်ထက် မှာ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး ကဏ္ဍစုံတွင် အချိန်လု၍ ကျုံးရုန်းလုပ်ကိုင်နေရကြောင်း၊ အခြားမျှော်လင့်ချက်၊ ရည်ရွယ်ချက်များမရှိဘဲ နိုင်ငံတော်နှင့်လူမျိုး၏ ရေရှည် အကျိုးအတွက်သာ မျှော်မှန်းပြီး ဆောင်ရွက်ခြင်းဖြစ် ကြောင်း၊ ထို့ကြောင့် တစ်တိုင်းတစ်ပြည်လုံး ကွက်လပ် မကျန်တိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုများ အတတ်နိုင်ဆုံး ကျဉ်းမြောင်းစေရေးတို့ကို ကြိုးစားဆောင် ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဓန စွမ်းအားတိုးတက်ရေး၊ လူမှုရေးအဆင့်အတန်း မြင့်မား ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို အင်တိုက် အားတိုက် ဆောင်ရွက်ရာတွင် အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ အလုပ်စွမ်းအားဖြင့် ပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်း"** ကို လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ရခိုင်ရိုးမကိုကျော်လွှား၍ ကစ္ဆပနဒီအား ဖြတ်သန်းလျက် ပြည်ထောင်စုလမ်းမကြီးကို အောင်မြင်စွာဖောက်လုပ်နိုင် ခဲ့ပြီးဖြစ်၏။ ရခိုင်ပြည်နယ်သည် ရေ၊ မြေ၊ သယံဇာတ ကောင်းမွန်ပြီး ဖွံ့ဖြိုးမှုအလားအလာကောင်းများရှိသော ပြည်နယ် တစ်ခုလည်းဖြစ်၏။ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးနေသကဲ့သို့ ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိက တာဝန်ယူနေကြသည့် ဌာနဆိုင်ရာများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ အပိုင်းက စေတနာအပြည့်အဝဖြင့် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားပါက လျင်မြန်စွာ တိုးတက် ဖြစ်ထွန်းလာတော့မည့် ရခိုင်ပြည်နယ် အနာဂတ်ကို အတွေးပုံရိပ်တွင် မျှော်မှန်းကြည့်ရုံမျှဖြင့် စာရေးသူ အားရ ကျေနပ်နေမိပါ၏။ ။

ဆီးရီးယားနိုင်ငံကို အရေးယူ ကန့်သတ်သည့် ကန်၏လုပ်ရပ် အီရတ်၏ အိမ်နီးချင်းနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ ပယ်ချ

အမ္မန် မေ ၁၄

အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများသည် အမေရိကန်ပြည်ထောင်စုက ဆီးရီးယားနိုင်ငံအပေါ် အရေးယူ ကန့်သတ်မှုများကို လုံးဝပယ်ချလိုက်ကြောင်း ကြာသပတေးနေ့က ထုတ်ဖော်ပြောကြားသည်။

ယင်းအရေးယူကန့်သတ်မှုမှာ နိုင်ငံတကာဥပဒေ၊ ဂျီနီဗာသဘောတူညီချက်နှင့် လူ့စံချိန်စံနှုန်းများကို ပြတ်ပြတ်သားသား ချိုးဖောက်ခြင်းဖြစ်ကြောင်း အမ္မန်မြို့တွင်ပြုလုပ်သည့် အစည်းအဝေးမှ လွှတ်တော်ဥက္ကဋ္ဌများက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းအမ္မန်အစည်းအဝေးသို့ ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ ဆီးရီးယား၊ အီဂျစ်၊ ဘာရိန်း၊ တူရကီ၊ ဂျော်ဒန်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများနှင့် အာရပ်နှင့် နိုင်ငံတကာပါလီမန်သမဂ္ဂမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းအရေးယူကန့်သတ်ချက်သည် ခွဲခြားဆက်ဆံရေးနှင့် နယ်မြေချဲ့ထွင်ရေး မူဝါဒများကို ဖော်ဆောင်ရန် အတွက်လည်းကောင်း၊ ပါလက်စတိုင်းပြည်သူလူထုအား ဆန့်ကျင်သည့် အကြမ်းဖက်ဝါဒ ကျင့်သုံးမှုအတွက်လည်းကောင်း အမေရိကန်အစိုးရက အရှေ့အလယ်ပိုင်းဒေသနှင့် စပ်လျဉ်း၍ စံနှစ်ခွမူဝါဒကို ရှေ့နောက်မညီစွာ ကျင့်သုံးနေသည့် အရေးယူ ကန့်သတ်ချက်ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ပါလက်စတိုင်းနှင့် အီရတ်နိုင်ငံတို့တွင်ဖြစ်ပွားနေသည်များနှင့်ပတ်သက်၍ အာရပ်နိုင်ငံများ၏ရပ်တည်ချက်အပေါ် ဖိအားပေးကျင့်သုံးနေသည့် မူဝါဒအဖြစ် ယင်းအရေးယူ ကန့်သတ်ချက်ကို အသုံးပြုခြင်းဖြစ်ကြောင်း ကြေညာချက်တွင် အခိုင်အမာ ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ တရားမျှတပြီး ပြည့်စုံကျယ်ပြန့်သည့် ငြိမ်းချမ်းရေး ဆောင်ကြဉ်းနိုင်ရန် ဆီးရီးယားနိုင်ငံ၏ ကြိုးပမ်းမှုများကို ပါလီမန်ဥက္ကဋ္ဌများက ဆီးရီးယားပြည်သူလူထုနှင့်အတူ အပြည့်အဝ စည်းလုံးညီညွတ်မှုရှိကြောင်း ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၁၃ ရက်က အမေရိကန်ပြည်ထောင်စုတွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများအား အမေရိကန်တို့ ညှဉ်းပန်းနှိပ်စက်မှု လူမဆန်သည့် အပြုအမူဟု တောင်ကိုရီးယားဝန်ကြီး ပြောဆို

ဆိုးလ် မေ ၁၄

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သည့် ဖြစ်ရပ်များသည် ဝမ်းနည်းဖွယ်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီးမွန်က ဗုဒ္ဓဟူးနေ့က ထုတ်ဖော်ပြောဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်ခြင်းမှာ လူမဆန်သည့် အပြုအမူဖြစ်ကြောင်း၊ ယင်းသို့ ဖြစ်ရပ်များ ထပ်မံဖြစ်ပွားလာလိမ့်မည် မဟုတ်ဟုလည်း မျှော်လင့်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားလိုက်သည်။

အီရတ်အကျဉ်းသားများအား အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သည့်ပုံများကို မီဒီယာက ဖော်ပြခဲ့ပြီးနောက် အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များစေလွှတ်ရေး အစိုးရ၏အစီအစဉ်ကို ဖျက်သိမ်းရန် ပြည်သူတို့၏ ဖိအားပေးမှုမှာ ပိုမိုကြီးထွားလာသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ပေါက်ကွဲမှုများဖြစ်ပွား

နာဂျက်ဖ် မေ ၁၄

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက ပေါက်ကွဲသံကြီးများကြားရာ ရှီးယိုက်တို့ နေထိုင်ရာ နာဂျက်ဖ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ လက်နက်ကိုင် ကျူးကျော်ဝင်ရောက်ပုံရကြောင်း မြို့သူ၊မြို့သားများက ပြောကြားကြသည်။ ယင်းပေါက်ကွဲမှုကြောင့် အနည်းဆုံး အရပ်သားတစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်အာဏာပိုင်များက ပြောကြားသည်။

ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါသည် ဧပြီလ စောစောပိုင်းကကတည်းက နာဂျက်ဖ်မြို့တွင် ပုန်းအောင်းလျက်ရှိပြီး ၎င်း၏နောက်လိုက် လက်နက်ကိုင်များက အမေရိကန်ဦးဆောင်သည့်အပေါင်းပါတပ်ဖွဲ့ဝင်များကို တိုက်ခိုက်လျက်ရှိသည်။

ဗုဒ္ဓဟူးနေ့ညပိုင်း တစ်လျှောက်လုံး ကြိုးကြားကြိုးကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ စုစုပေါင်း သေဆုံး၊ ဒဏ်ရာရမှုကို မသိရှိရသေးပေ။

အင်တာနက်။

ပြည်ပမှ ဖိအားပေးမှုများကို အလျှော့မပေးဟု ဆီးရီးယား ပြောကြား စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိကြောင်း ထုတ်ပြန်ကြေညာ

ဒမတ်စကတ် မေ ၁၄

အမေရိကန်ပြည်ထောင်စုက နောက်ထပ် အရေးယူကန့်သတ်ချက်များ မချမှတ်မီ ပြည်ပဖိအားပေးမှုများအား ဆီးရီးယားနိုင်ငံက အလျှော့ပေးမည် မဟုတ်ကြောင်း အင်္ဂါနေ့က ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အဓိကမူဝါဒများ ပြောင်းလဲစေရန် စိန်ခေါ်မှုများနှင့် ပြည်ပဖိအားပေးမှုများကို ရင်ဆိုင်ကြုံတွေ့နေရသော်လည်း ခိုင်မာတောင့်တင်းပြီး စည်းလုံးညီညွတ်စွာ ရှိနေကြောင်းဖြင့် ဝန်ကြီးချုပ် အယ်လ်အိုတာရီ၏ ပြောကြားချက်ကို ကိုးကား၍ ကြေညာချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံအနေဖြင့် ဖော်ပြပါစိန်ခေါ်မှုများအား ရင်ဆိုင်နိုင်စွမ်းရှိပြီး ယင်းရိုက်ခတ်မှုများကို ကျော်လွှားနိုင်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံသည် အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးကာ အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်နေသည့် ပြောက်ကျားများကို ရပ်ဆိုင်းစေရန်မဆောင်ရွက်ခဲ့မှုကြောင့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က စီးပွားရေးအရ အရေးယူကန့်သတ်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း ဝါရှင်တန်ရှိ သတင်း ရပ်ကွက်တစ်ခုက ပြောကြားသည်။

ဆီးရီးယားနိုင်ငံသည် အကြမ်းဖက်လုပ်ငန်းများကို ကြိုးကိုင်နေကြောင်းဖြင့် အမေရိကန်က စွပ်စွဲပြောကြားထားသည်။ အနောက်ဘက်ဂါဇာကမ်းမြောင်နှင့် လက်ဘနွန်တို့မှ အစ္စရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့် စစ်သွေးကြွများအား နိုင်ငံရေးအရ ထောက်ခံမှုပေးနေကြောင်း စွပ်စွဲချက်ကို ဆီးရီးယားကငြင်းဆိုထားသည်။

ဆီးရီးယားနိုင်ငံတွင် အမေရိကန်စွမ်းအင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုကို သမ္မတဘုရှ်က ကန့်သတ်ဖွယ်ရှိပြီး ဆီးရီးယား လေယာဉ်များအား အမေရိကန်ပြည်ထောင်စုအတွင်း ပျံသန်းမှု ရပ်ဆိုင်းမည်ဟု မျှော်လင့်ရကြောင်း လွှတ်တော်သတင်းရပ်ကွက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၁၃ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၏ ပိတ်ပင်မှုကြောင့် ဆီးရီးယား မူဝါဒ မပြောင်းလဲ

ဒမတ်စကတ် မေ ၁၄

အကြမ်းဖက်မှုကို ဆီးရီးယားက ထောက်ခံအားပေးသည်ဟု စွပ်စွဲလျက် အမေရိကန်က စီးပွားရေးပိတ်ပင်မှုပြုပြီးနောက် ဆီးရီးယားက ၎င်း၏ မူဝါဒသဘောထားကို ပြောင်းလဲမည်မဟုတ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောဆိုသည်။

ဆီးရီးယားကနိုင်ငံက အမေရိကန်၏ ပိတ်ပင်အရေးယူမှုများကို အလေးထားကြောင်း၊ သို့သော် အခြေကျနေပြီဖြစ်သော ယင်း၏မူဝါဒသဘောထားများကို စွန့်လွှတ်ပယ်ဖျက်မည် မဟုတ်ကြောင်းဖြင့် ဆီးရီးယား ရေဒီယိုဝေဖန်ခန်းတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောက်ကျားများက မဆန့်ကျင်အောင် တားမြစ်ရန် ပျက်ကွက်ခြင်းနှင့် အစ္စရေးအား တိုက်ခိုက်သည့် စစ်သွေးကြွအုပ်စုများကို ထောက်ခံခြင်းတို့ကြောင့် ဆီးရီးယားနိုင်ငံအား အမေရိကန်သမ္မတ ဘုရှ်က အင်္ဂါနေ့တွင် စီးပွားရေး ပိတ်ပင်အရေးယူလိုက်သည်။

လက်ဘနွန်နယ်စပ်၌ အစ္စရေးတပ်များနှင့် မကြာခဏ တိုက်ပွဲဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ဂျော်ဒန်မြစ် အနောက်ဘက်ဂါဇာကမ်းမြောင်ရှိ ရဟူဒီရပ်ကွက်ကို တိုက်နေသည့် အုပ်စုတို့ကို နိုင်ငံရေးအရ အားပေးထောက်ခံနေသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း ဆီးရီးယားက ငြင်းဆိုလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင်များ လူ့အခွင့်အရေး ချိုးဖောက်မှု ဂရိပြစ်တင်ရှုတ်ချ အကျဉ်းသားများအား ညှဉ်းပန်းမှု မပြုရန် အမေရိကန်ကို တိုက်တွန်း

အေသင် မေ ၁၄

အီရတ်နိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေသည်ဆိုသော သတင်းများနှင့် ပတ်သက်၍ ဂရိအစိုးရက ဗုဒ္ဓဟူးနေ့တွင် ပြစ်တင်ရှုတ်ချလိုက်သည်။ အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်နေသော ဓာတ်ပုံများကြောင့်နိုင်ငံတကာ ပြည်သူလူထုတွင် စိတ်ပျက်ဝမ်းနည်းဖွယ်ရာ ခံစားချက်များဖြစ်ပေါ်ရပြီး ဂရိနိုင်ငံသည်လည်း ယင်းဓာတ်ပုံများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ သီအိုဒူးတော့စ်ရူးဆိုးပူးတော့စ်က သတင်းထောက်များအား ပြောကြားသည်။

ညှဉ်းပန်းနှိပ်စက်

ဂရိအစိုးရအဖွဲ့သည် အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရသည့်ဖြစ်ရပ်များ မည်သည့်အကြောင်းတရားများကြောင့် ပေါ်ပေါက်လာစေကာမူ ယင်းသို့သော လုပ်ရပ်မျိုးကို ပြစ်တင်ရှုတ်ချကြောင်း၊ အကြမ်းဖက်မှု ပြုလုပ်ခြင်းဖြင့် အကြမ်းဖက်မှုကိုသာ တိုးပွားစေနိုင်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂရိ အဓိကအတိုက်အခံပါတီဖြစ်သော ပါဆော့ပါတီမှ ပါလီမန် အမတ်ခုနစ်ဦးနှင့် အခြေခံဝါဒီ လက်ဝဲယိမ်းညွန့်ပေါင်းအဖွဲ့မှ ပါလီမန်အမတ်တစ်ဦးတို့သည် ဗုဒ္ဓဟူးနေ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် အီရတ်နိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ရပ်များ ထူးထူးခြားခြား ဖြစ်ပေါ်နေခြင်းအတွက် ပြစ်တင်ရှုတ်ချလိုက်သည်။

တိုက်တွန်း

အီရတ်နိုင်ငံသားများ အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်ဆောင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ကျူးလွန်ခြင်း မရှိစေရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် အမေရိကန်အစိုးရက ကြိုးပမ်းသင့်ကြောင်း အဆိုပါ ပါလီမန်အမတ်များက တိုက်တွန်းလိုက်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

စုရုံး ရောက်ရှိ

မေ ၁၁ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင်တွင် အကျဉ်းသားများနှင့်တွေ့ဆုံရန် စုရုံးရောက်ရှိနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ရုရှားဓားစာခံနှစ်ဦး အသက်ရှင်နေဆဲဟု ယူဆ မည်သည့်နေရာတွင် ဓားစာခံများ ရောက်ရှိနေသည်ကို မသိရသေး

မော်စကို မေ ၁၄

အီရတ်နိုင်ငံတွင် တနင်္လာနေ့က ဓားစာခံအဖြစ် ဖမ်းဆီးခံလိုက်ရသော ရုရှားနိုင်ငံသားနှစ်ဦး အသက်ရှင်နေဆဲဟုယူဆရကြောင်း၊ သို့ရာတွင် ၎င်းတို့ မည်သည့်နေရာ၌ ရောက်ရှိနေသည်ကို မသိရှိရကြောင်း အဆိုပါရုရှားနှစ်ဦး၏ ကုမ္ပဏီအလုပ်ရှင်ဖြစ်သူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

— ဖမ်းဆီး —

အီရတ်နိုင်ငံတွင် ရုရှား လူမျိုးနှစ်ဦးသည် တနင်္လာနေ့က နေအိမ်သို့ မော်တော်ကား မောင်းနှင်ပြန်လာစဉ် ၎င်းတို့၏မော်တော်ကားကို သေနတ်ဖြင့်ပစ်ခတ်မှုခဲ့ပြီးဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံခဲ့ကြရသည်။

အဆိုပါရုရှားနှစ်ဦး၏ လုပ်ဖော်ကိုင်ဖက် အခြားရုရှားလူမျိုး တစ်ဦးမှာမူ အသတ်ခံခဲ့ရသည်။

— လွှတ်ပေး —

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် လကမြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ လျှပ်စစ်ဓာတ်အားစက်ရုံ စီမံကိန်းတစ်ခု၌ လုပ်ကိုင်နေသော ရုရှားအလုပ်သမားရှစ်ဦးကို ပြန်ပေးဆွဲသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ပြန်ပေးဆွဲသူများသည် ခေတ္တခဏ ပြန်ပေးဆွဲခံခဲ့ပြီးနောက် နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည်။

— မျှော်လင့် —

အီရတ်တွင် လုပ်ကိုင်နေသော မိမိတို့ကုမ္ပဏီမှ ရုရှားအလုပ်သမားများ ပြန်ပေးဆွဲခံထားရသော်လည်း ၎င်းတို့ ဘေးမသီရန်မခ ရှိနေမည်ဟု မိမိတို့ မျှော်လင့်ကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ မည်သည့်နေရာ၌ ရောက်ရှိနေသည်ကို မသိရှိရကြောင်း ကုမ္ပဏီ ညွှန်ကြားရေးမှူးချုပ် အလက်ဇန္ဒာ အဘာရာမော့စ်က အင်တာဖက်စ်သတင်းဌာနသို့ ပြောကြားသည်။

— ပြောကြား —

ပြန်ပေးဆွဲခံထားရသည့် ရုရှားနှစ်ဦး၏ကံကြမ္မာကို လုံးဝ ကြားသိရခြင်း မရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်စ်ဘရော့ဗ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးမှုကြောင့် ဒတ်ချ်တပ်ဖွဲ့ဝင်များအတွက် စိုးရိမ်မှုတိုးပွားလာ

အမ်စတာဒမ် မေ ၁၄

အီရတ်၌ ပထမဆုံး ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးမှုကြောင့် ဇူလိုင်လနောက်ပိုင်း အီရတ်နိုင်ငံ၌ ဒတ်ချ်တပ်ဖွဲ့ဝင်များအား ဆက်ထားမည်၊ မထားမည်ဆိုသည့် ဆုံးဖြတ်ချက်မချမှတ်မီ ဒတ်ချ်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်မှုများတိုးပွားလာ ခဲ့ပြီးနောက်ဒတ်ချ်ဝန်ကြီးချုပ် ဂျင်းပီတာ ဘော်ကန်နင်ဒီပစ်က အင်္ဂါနေ့တွင် နိုင်ငံခြားခရီးစဉ်ကို လျှော့ချလိုက်သည်။

အီရတ်၌ တနင်္လာနေ့ညက ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး အသတ်ခံရပြီးနောက် အီရတ်နိုင်ငံရောက် ဒတ်ချ်တပ်ဖွဲ့ဝင် ၁၂၀၀၏ လုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ကြီးထွားနေသည့်အတွက် ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရန် ဌာနေသို့ ပြန်လည်ရောက်ရှိလာသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့တွင် လက်ပစ်ဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ၌ သေဆုံး ခဲ့သည့် အသက် ၃၆ နှစ်အရွယ် ဒတ်ချ်တပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦးမှာ ဘော့စနီးယား စစ်ပွဲအတွင်း ဘရီဆာဒေသတွင် ၁၉၉၅ ခုနှစ်က ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရချိန်နောက်ပိုင်း စစ်ရေးပဋိပက္ခတွင် ပထမဆုံး သေဆုံးခဲ့သော ဒတ်ချ်တပ်ဖွဲ့ဝင်ဖြစ်သည်။

ဆာမာဝါမြို့ရှိ ဒတ်ချ်တပ်ဖွဲ့ဝင်များ၏ စခန်းအနီးတွင် လွန်ခဲ့သည့်လက အမြောက်ဆန်ကျရောက်ခဲ့ရာ အီရတ်ရောက် ဒတ်ချ်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုကြီးထွားလာခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

စောင့်ကြပ်

မေ ၁၁ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့လယ်တွင်ကင်းလှည့်စောင့်ကြပ်နေသည့် ရှီးယိုက် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို နှိပ်စက်မှု ကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ပြုမှုသကဲ့သို့ ဂျာမန်တပ်ဖွဲ့ဝင်များ ပြုမှုမည်မဟုတ် ဂျာမနီ ကာကွယ်ရေးဝန်ကြီး ဝေဖန်

ဘာလင် မေ ၁၄

နာဇီ၏ ရက်စက်ကြမ်းကြုတ်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပြီးနောက် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် လေ့ကျင့်ပေးထားသည့် ဂျာမန်တပ်ဖွဲ့ဝင်များသည် အမေရိကန်နှင့်ဗြိတိသျှတပ်ဖွဲ့ဝင်များ ပြုမူသကဲ့သို့ အီရတ်အကျဉ်းသားများကို နှိပ်စက်မှုပြုမည်မဟုတ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး ပီတာစထရပ်က အင်္ဂါနေ့တွင်ပြောကြားသည်။

တရှုတ်တိုက်ဆွဲ

ကိုယ်ချည်းဗလာဖြစ်နေသည့် အကျဉ်းသားတစ်ဦးအား ခွေးချည်သည့်ကြိုးဖြင့် ကြမ်းပြင်ပေါ်တွင် တရှုတ်တိုက်ဆွဲရန် ဂျာမန်တပ်ဖွဲ့ဝင်များကို အမိန့်ပေးလျှင် တရားမဝင်သေးသည့်အမိန့်ဖြစ်သည်ဟုဆိုကာ ငြင်းဆန်မည်သာဖြစ်ကြောင်း ၎င်းက ဘာလင်မြို့၌ နိုင်ငံခြားသတင်းစာဆရာများနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

ငြင်းဆန်နေ

ဂျာမန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဥပဒေနှင့်ဆန့်ကျင်သည့် အမိန့်တစ်ရပ်ကို လေးစားလိုက်နာရန် ငြင်းဆန်မည်သာဖြစ်ကြောင်း၊ မိမိတို့ တွေ့မြင်ခဲ့ရသည့် ဓာတ်ပုံများသည် အကျဉ်းသားများနှင့်ဆိုင်သည့် နိုင်ငံတကာစည်းမျဉ်းများအား ချိုးဖောက်နေကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၇ရက်က ဖော်လူဂျာမြို့တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်တစ်အိမ်၏ အပျက်အစီးများကို အီရတ်များက ရှင်းလင်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ၉ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တို့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံကို အီရတ်တို့ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မေ ၉ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၉ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် အမေရိကန် တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးခဲ့ရသည့် အဆောက်အအုံ တစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၀ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဧပြီ ၁၀ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် တိုက်ပွဲဖြစ်ပွားရာ၌ ဒဏ်ရာရရှိခဲ့သည့် အီရတ်ကလေးငယ်တစ်ဦးကို ဆေးရုံတွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၇ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးနေသည့် ဈေးဆိုင်တစ်ဆိုင်ကို ရှင်းလင်းနေသည့် အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် တည်ဆောက် ဖွင့်လှစ်ထားရှိသော ကျိန်ခရမ်ခ ရေအားလျှပ်စစ်စက်ရုံကိုတွေ့ရစဉ်။

(ဓာတ်ပုံ–ရေအားလျှပ်စစ်)

နယ်စပ်နှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေး

နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို အလေးထားဆောင်ရွက်နိုင်ရေးအတွက်တည်ဆောက်ပေးခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယုပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

မန္တလေးမြို့နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တို့သို့ ကုန်စည် ကူးသန်းရောင်းဝယ် ဖောက်ကားရာ၌ အဓိက ကျသော ဂုတ်တွင်းကားလမ်း ပြုပြင် ဖောက်လုပ်ထားမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

မြစ်ချောင်းများ ပေါများမှုကြောင့် ရေကြောင်းလမ်းနှင့် လေကြောင်းလမ်း ကိုသာ အဓိက အားထားသွားလာခဲ့ရသည့် ရခိုင်ပြည်နယ်တွင် နိုင်ငံတော်ကရန်ကုန်–စစ်တွေကားလမ်းမကြီးကိုဖောက်လုပ်ပေးခဲ့ပြီး အဆိုပါလမ်းပေါ်၌ တံတားကြီး၊ တံတားငယ်များစွာကိုလည်းတည်ဆောက်ပေးခဲ့ရာ ကုလားတန်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ကစ္ဆပနဒီတံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

❒ **မြန်မာနိုင်ငံမှ**

အစီအစဉ်အရ Myanmar Millennium Group (MMG) Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ အခမ်းအနားပြုလုပ်ရခြင်း အဓိကအကြောင်း နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်မှာ e-Government ဆိုင်ရာ လုပ်ငန်းများတွင် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်နှင့် ဒုတိယအချက်မှာ နိုင်ငံတကာ IT လုပ်ငန်းများတွင် မရှိမဖြစ် အသုံးပြုနေပြီဖြစ်သော Antivirus Firewall ပစ္စည်းကို မိမိတို့နိုင်ငံ၌လည်း လုံခြုံစိတ်ချစွာနှင့် ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန်အတွက် ဖြစ်ပါကြောင်း။

လွန်ခဲ့သည့် နှစ်နှစ်ခန့်မှစတင်ပြီး မြန်မာနိုင်ငံ၌ Firewallကို မိမိတို့ ကုမ္ပဏီက စတင်မိတ်ဆက်ခဲ့ပါကြောင်း၊ ယင်းကာလက Firewallများတွင် Antivirus Software မပါရှိသည့်အတွက် ပစ္စည်းများ ရောင်းချရာတွင် အခက်အခဲများ ရှိခဲ့ပါကြောင်း၊ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းရင်း Fortinet Company နှင့် ဆက်သွယ်မိခဲ့ပါကြောင်း။

ယင်း Fortinet ကုမ္ပဏီမှ ထုတ်လုပ်သည့် Firewall များသည် ကမ္ဘာပေါ်တွင် ပထမဆုံး Antivirus Software ထည့်သွင်းထားသည့် Firewall များဖြစ်သည့်အပြင် Virtual Private Network(VPN)၊ Intrusion Detection System (IDS), Web Content Filtering စသည့် FEatures များ ပါဝင်ကြောင်းကို သိရှိလာရကြောင်း။

မိမိတို့ကုမ္ပဏီအနေဖြင့် Fortinet ကုမ္ပဏီနှင့် ဆက်သွယ်၍ မိမိတို့နိုင်ငံ၌ Fortinet Antivirus Firewall ပစ္စည်းများကို e-Government Projects များတွင် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး ယခုပြပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ Fortinet ကုမ္ပဏီမှ Sales Director, Mr. Benjamin Teh က e-Government Projects များတွင် အထောက်အကူပြုနိုင်သည့် "Fortinet Antivirus Firewall" ပစ္စည်းသစ်နှင့် စပ်လျဉ်း၍ ဗီဒီယိုပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် Fortinet ကုမ္ပဏီမှ Sales Director, Mr. Benjamin Teh က Myanmar Millennium Group Co., Ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးမင်းဇေယျာလှိုင်အား Fortinet ကုမ္ပဏီ၏ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော တရားဝင်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Fortinet ကုမ္ပဏီ Sales Director, Mr. Benjamin Teh နှင့် MMG ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇေယျာလှိုင်တို့က "Fortinet Antivirus Firewall" ပစ္စည်းသစ် သရုပ်ပြရှင်းလင်းပွဲ အထိမ်းအမှတ်လက်ဆောင် ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် e-Government Projects များတွင် အထောက်အကူပြုနိုင်သည့် Fortinet Antivirus Firewall များ၊ Gemtek Systems Outdoor Wireless နှင့် ဆက်စပ်ပစ္စည်းများ၊ Linksys Networking Products ပစ္စည်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် Fortinet Antivirus Firewall ပစ္စည်းသစ် မိတ်ဆက်သရုပ်ပြ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ Myanmar Millennium Group(MMG) Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှု

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ Fortinet Antivirus Firewall ပစ္စည်းသစ် မိတ်ဆက်သရုပ်ပြရှင်းလင်းပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် e-Government Projects များတွင် အထောက်အကူပြုနိုင်သည့် Fortinet Antivirus Firewall များ၊ Gemtek Systems Outdoor Wireless နှင့် ဆက်စပ်ပစ္စည်းများ၊ Linksys Networking Products ပစ္စည်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၄–၅–၂၀၀၄)

ကျောက်တော်
၂ ဒသမ ၇၆ လက်မ

ကျောက်ဖြူ
၂ ဒသမ ၁၇ လက်မ

စစ်ကိုင်း
၁ ဒသမ ၉၇ လက်မ

ဗန်းမော်
၁ ဒသမ ၉၃ လက်မ

ဓောင်းတူ
၁ ဒသမ ၇၇ လက်မ

မန္တလေး
၁ ဒသမ ၆၁ လက်မ

▲ **ရှေ့ဖုံးမှ**

လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် နေ့ညဆောင်ရွက်နေမှု၊ Pileလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းလုပ်ငန်း၊ ပင်မတံတား လုပ်ငန်းများနှင့် Pile လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းစီမံပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း Pile ရိုက်ခြင်းလုပ်ငန်းနှင့် ချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပါရမီခုံးကျော်တံတားမှာ ကမ္ဘာအေး စေတီလမ်းနှင့် ဝေဇယန္တာလမ်းကြား ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံ ကားလမ်းကူးနေရာ၌ တည်ရှိပြီး အလျား ၁၁၇၅ ပေနှင့် အကျယ် ၄၈ပေရှိ လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ တံတား၏ တစ်ဖက်တစ်ချက်၌ လေးပေအကျယ် လူသွားလမ်းပါရှိမည်ဖြစ်ပြီး တံတားအမြင့်မှာ ၁၄ပေရှိမည်ဖြစ်သည်။

အဆိုပါ ပါရမီခုံးကျော် တံတားသတ်မှတ်ချိန်ထက်စော၍ ပြီးစီးဖွင့်လှစ်နိုင်ရေးအတွက်မြန်မာ့မီးရထားမှ တည်ဆောက်ရေးဝန်ထမ်းများက နေ့ရောညပါ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးလုပ်ငန်း
ဝန်ကြီး ဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၂ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းရှိ မြစ်သာတံတား(ကလေးဝ)သို့ ရောက်ရှိရာ မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဝန်ကြီးအား အင်ဂျင်နီယာမှူး ဦးကျော်လင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ပင်မတံတား ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းနှင့် ကလေးဝဘက်ကမ်း ချဉ်းကပ်တံတားပေါ်တွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ၎င်းတံတားမှာ သံမဏိကြိုးဆိုင်း တံတားဖြစ်သည့်အတွက် ဆိုင်းကြိုးနှင့် သံပေါင်များ တပ်ဆင်ရာတွင် အထူးဂရုပြုတပ်ဆင်ရန်နှင့် ကွန်ကရစ်ကြမ်းခင်းများ ကွန်ကရစ်လောင်းရာတွင် သတ်မှတ်စံညွှန်းနှင့်ကိုက်ညီသော ကျောက်များ အသုံးပြု၍ ကွန်ကရစ်ဖျော်စပ်ရာတွင် အထူးဂရုပြု ဖျော်စပ်ရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

တန် ၆၀

မြစ်သာတံတား (ကလေးဝ)သည် မုံရွာ–ယာကြီး–ကလေးဝလမ်းပေါ်တွင် တည်ရှိပြီး မြစ်သာမြစ်ကို ဖြတ်ကူး တည်ဆောက်နေသော တံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၁၃၂၀ ရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ၆၀၀၊ အမြင့် ၁၄ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် လေးပေစီပါရှိမည်ဖြစ်ပြီး တံတား၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တံတားသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်မြောက်ပိုင်းတို့ကို ဆက်သွယ်ပေးမည့် တံတားဖြစ်သည့်အပြင် မုံရွာမှ ကလေးမြို့သို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည်။ မြစ်သာတံတား(ကလေးဝ)ကို မကြာမီဖွင့်လှစ်နိုင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြစ်သာတံတား(ကလေးဝ) စီမံကိန်းမှ ကာယ၊ ဉာဏ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဝါးပါးသီလခံယူဆောက်တည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ် လှူအပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယတွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တစံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

☆ **သာသနာတော်ဆိုင်ရာမှ**

အဘိဓဇ မဟာရဋ္ဌဂုရု သီရိမန္တစံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင် နိကာယ တွဲဖက် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု သီရိမန္တစံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသနှင့် အပူဇော်ခံ ဆရာတော်နှစ်ပါးတို့အားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအဖွဲ့မှ အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒဂုံမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီရိမင်္ဂလာ မဟာစည်သာသနာ့ရိပ်သာ အဝင်လမ်းဖောက်လုပ်ခြင်းအတွက် အလှူငွေများအဖြစ်ဓမ္မကထိကဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒကနှင့် သီရိသုဓမ္မမဏိဇောတဓရဦးစိန်လှဝင်းတို့က ငွေ၂၆၃၅၁၁၇ကျပ်၊ ဦးရဲထွန်းနိုင်– ဒေါ်လမင်းငယ် မိသားစုက ငွေကျပ်၅၀၀၀၀၀၊ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များက ငွေကျပ်၅၀၀၀၀၀၊ ဦးဟန်ညွန့်–ဒေါ်ခင်အေးမြင့်နှင့် ညီမ ဒေါ်စီစီဝါ တို့က ငွေကျပ်၅၀၀၀၀၀၊ ဗိုလ်မှူးကျော်ကျော်ထွန်းနှင့် ဦးအေးကြွယ် မိသားစုတို့က ငွေကျပ်၃၁၀၀၀၀နှင့် ဒေါ်လွမ်းရင်၊ ညီမ ဒေါ်ကူညမ်း၊ သမီး မမဥ္ဇူတို့က ငွေကျပ်၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာတိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က လက်ခံကြသည်။

ဒဂုံမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီရိမင်္ဂလာမဟာစည်သာသနာ့ရိပ်သာ အဝင်လမ်း ဖောက်လုပ်ခြင်းအတွက်စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေ ၈၀၉၅၁၁၇ကျပ် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း၊ လမ်းဖောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဂုဏ်ပြု အပူဇော်ခံ ဆရာတော်နှစ်ပါး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ အရှင်ပညာနန္ဒက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဝံသနှင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ တွံတေးအရှင်ဣန္ဒက တို့အား ဂုဏာပူဇာဂါထာများဖြင့် ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက စောင်း ဦးအောင်သန်းနှင့် တွဲဖက်၍ ဂုဏ်ပြုအပူဇော်ခံ ဆရာတော်နှစ်ပါးတို့အား ဂုဏပူဇာ မင်္ဂလာရတု တေးထပ်တို့ဖြင့် ပူဇော်သည်။

အမျှပေးဝေ

ထို့နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋက မဟာဂန္ထာရုံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရက အနုမောဒနာ တရားတော်ကို ဟောကြား ချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုင်းနောင်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြား ခိုလမ်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူးလမ်း အဆင့်မြှင့်တင်မှု စစ်ဆေး

ရန်ကုန် မေ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မေ ၁၁ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး မှာကြားကာ တပ်ရင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ ရှေးဦးစွာ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးစိန်သင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိုင်းနောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဌာနအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်းနောင်မြို့နယ်အတွင်း ဌာနဆိုင်ရာများအား စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်မှု၊ ရုံးဌာနများဖွင့်လှစ်ဆောင်ရွက်မှု၊အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူးကားလမ်းအဆင့်မြှင့်တင် ဖောက်လုပ်ရေးဆောင်ရွက်နေမှု၊ မိုင်းနောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း နယ်စပ်ဒေသများပါမကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်အောင်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း။

ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဤဒေသ၏ အဓိကဆက်သွယ်ရေး လမ်းကြောင်းဖြစ်သည့် ခိုလမ်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူးလမ်း ၈၁ မိုင်ကို တပ်မတော်သားများနှင့် ဆောက်လုပ်ရေးဝန်ထမ်းများ ပူးပေါင်း၍ ပိုမိုကောင်းမွန်အောင် ဖောက်လုပ်လျက်ရှိကြောင်း။

အလားတူရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင်လည်း တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်း ၅၅မိုင်ကိုလည်း ဖောက်လုပ်လျက်ရှိကြောင်း၊ ယင်းလမ်းများကောင်းမွန်သွားပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း) ဆက်သွယ်သွားလာမှု လျင်မြန်လွယ်ကူမည်ဖြစ်ပြီး ဒေသတစ်ခုနှင့်တစ်ခု ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်ဖောက်ကားမှုပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း၊ဖခီးလမ်းခွဲမှ ဝမ်ဟိုင်းသို့ နှစ်မိုင်အရှည်ရှိ လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် တင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

ဒေသတွင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းပြီး ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

မှာကြားဖြည့်ဆည်း

မွန်းလွဲပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့သည် ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူးလမ်း ဖောက်လုပ်နေမှု လုပ်ငန်းခွင် ၃၈ မိုင်တိုင်သို့ ရောက်ရှိပြီး စက်ယန္တရားများ အသုံးပြု၍ လမ်းအဆင့်မြှင့်တင် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ လမ်းသည် အရှည် ၇၇မိုင် ရှိပြီး တပ်မတော်သားများနှင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများပူးပေါင်းကာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်းသတင်းစာတိုက်(၂၆)ကြိမ်မြောက် ဒုလ္လဘ ရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲကျင်းပ

ရန်ကုန် မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထားပြီးသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းအေးတို့ ဦးဆောင်၍ မြန်မာ့အလင်းသတင်းစာတိုက် သာသနဝိပ္ပဿရီအသင်း၏ (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲအလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပသည်။

အလှူတော်မင်္ဂလာအခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်း၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊စာတည်းမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြသိန်းတန်ကျောင်းတိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကောသရ အမှူးပြုသော ပင့်သံဃာတော်များနှင့် ဒုလ္လဘရဟန်းများအားမြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့်ဝန်ထမ်းများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် စာတည်းမှူးချုပ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော် ဘဒ္ဒန္တ ကောသရထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မြန်မာ့အလင်း သတင်းစာတိုက် သာသနဝိပ္ပဿရီ ဗုဒ္ဓဘာသာအသင်း၏ (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲတွင် ဒုလ္လဘရဟန်းလောင်းများအဖြစ် ဝန်ထမ်းရစ်ဦးနှင့် ဝန်ထမ်းသား သုံးဦး စုစုပေါင်း ၁၁ဦး ရဟန်းခံကြပြီး ဝန်ထမ်းအမျိုးသမီး သုံးဦးတို့ သီလရှင်ဝတ်ကြသည်။

(သတင်းစဉ်)



ဆက်ကပ်လှူဒါန်း

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူး ကြီး စိုးဝင်း မြန်မာ့အလင်း သတင်း စာတိုက် (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။

၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။

၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။

၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။

၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များ အိပ်ဆောင်အလိုက်နေရာချထားမှု၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✧ အမျိုးသားညီလာခံမှ

မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်ခွဲထွက် နိုင်စိုက်ချမ်းအဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

ဆက်လက်၍ တည်းခိုဆောင်(၅)၊ (၃)၊(၁)တို့တွင် တည်းခိုလျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ တိုင်းရင်းသားကိုယ်စားလှယ်များအားရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အရောင်းဆိုင်များ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့သည် ကိုယ်စားလှယ်များ အလွယ်တကူ ဝယ်ယူနိုင်ရန် အတွက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဂျီအီးစီအရောင်းဆိုင်၊ စိန်စကြာ လွယ်အိတ်၊ တိုင်းရင်းသာရိုးရာဝတ်စုံနှင့် ချည်ထည်အမျိုးမျိုး အရောင်းဆိုင်၊ ဂရင်းကျန်းမာရေး စောင့်ရှောက်မှု သမဝါယမအသင်း လီမိတက် အရောင်းဆိုင်တို့၌ ဝယ်ယူအားပေးနေကြသော ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်သွယ်ရေးစခန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးစခန်း၌ ရိုးရိုးကြေးနန်း၊ ကွန်ပျူတာကြေးနန်း၊ တယ်လီဖုန်း၊ ရိုးရိုးစာ၊ ငွေပို့လွှာ၊ မှတ်ပုံတင်(ထုပ်ပိုး) တံဆိပ်ခေါင်းရောင်းချမှု စသည့် ကိုယ်စားလှယ်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့သည် တည်းခိုဆောင်(၁၁)မှ (၁၉)အထိ တည်းခိုဆောင်များတွင် တည်းခိုလျက်ရှိကြသော ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသားကိုယ်စားလှယ်များအားလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များအား လည်းကောင်း၊အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအား လည်းကောင်း၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့မှ တိုင်းရင်းကိုယ်စားလှယ်များအားလည်းကောင်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ “ဝ”အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလအဖွဲ့များမှ အရွေးချယ်ခံ ကိုယ်စားလှယ်များအားလည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအားလည်းကောင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များအား လည်းကောင်း၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအား လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များအားလည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့သည် ဧရာဝတီတိုင်းမှ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များအားလည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ အားလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့သည် ကိုယ်စားလှယ်များ စားရိပ်သာသို့ သွားရောက်၍ ကိုယ်စားလှယ်များ နေ့လယ်စာ သုံးဆောင်နေမှုကို ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆေးကုသရေးစီစဉ်ပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့သည် အမျိုးသား ညီလာခံသို့တက်ရောက်ရန် ရောက်ရှိနေသည့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ကျန်းမာရေးမကောင်းသည့်တိုင် စိတ်အားထက်သန်စွာ တက်ရောက်လာသော ဦးမန်းတင်အောင်သန်းအား ကြည့်ရှုအားပေးပြီး ဆေးကုသရေးကိုပါ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ပြန်လည်ထွက်ခွာ

ထိုသို့ စီစဉ်ဆောင်ရွက်ပေးပြီးနောက် နေ့လယ်ပိုင်းတွင် တည်းခိုဆောင်များမှ ပြန်လည်ထွက်ခွာသွားသည်။

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့်ညီလာခံကိုယ်စားလှယ်များသည် ညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းအတွင်း စီစဉ်ဆောင်ရွက်ထားသည့် ဖျော်ဖြေရေး အစီအစဉ်များကို အပန်းဖြေကြည့်ရှုနေကြခြင်း၊ အားကစားခန်းမနှင့် ဂေါက်သီးလေ့ကျင့်ကွင်းတို့၌ ကျန်းမာရေး လေ့ကျင့်ခန်းများ လေ့ကျင့်ဆောင်ရွက်ခြင်း၊ သက်သာချောင်ချိရေး အရောင်းဆိုင်များမှ ရောင်းချလျက်ရှိသော ပစ္စည်းများကို ဝယ်ယူအားပေးလျက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှု

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များ စားသောက်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များအိပ်ဆောင်အလိုက်နေရာချထားမှု၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

မေ ၁၅ရက်က အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များ သမဝါယမဝန်ကြီးဌာန အရောင်းဆိုင်များ၏ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့် ယာပုံ)

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အားကစားခန်းမ

မေ ၁၅ရက်က အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းတွင် အားကစားခန်းမအတွင်းရှိ ကျန်းမာရေးလေ့ကျင့်ခန်းများ စီစဉ်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဂေါက်သီးလေ့ကျင့်ရေးကွင်း

မေ ၁၅ရက်က အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းတွင် ဂေါက်သီးလေ့ကျင့်ရေးကွင်း စီစဉ်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ကျန်းမာရေးအထောက်အကူပြုရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်တစ်ခွင်၌ မိုးရာသီတွင် လမ်းများပေါ်၌ ရေတင်ခြင်း၊ မြောင်းများပိတ်ဆို့ခြင်းမရှိစေရေးနှင့် ကျန်းမာရေးအထောက်အကူပြုစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်း၍ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက်၇နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံသို့ ရောက်ရှိလာသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ရန်ကုန် အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ၌ အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုများကိုလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းဘေးဝဲ/ယာ၌ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း ကုန်သွယ်မှု ဗဟိုဌာနရှေ့ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ၌ အမှိုက်နှင့် နုန်းများဆယ်ယူနေမှုများကိုလည်းကောင်း၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် နတ်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန်အမှိုက်နှင့် နုန်းများဆယ်ယူခြင်း၊ မြောင်းနှုတ်ခမ်းများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးတည် လမ်းနှင့်တံတားများ တိုးမြှင့်ဖွင့်လှစ်နိုင်ပြီ

ကြည်ဝင်းညွန့်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်က အဓိကစီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေး ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ မြေသယံဇာတ၊ ရေသယံဇာတများ အကျိုးရှိရှိအသုံးချနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပင်ကိုအားဖြင့် ရေခံ မြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် သီးနှံစိုက်စွမ်းအား တိုးမြှင့်ပေးနိုင်မည့် အစီအမံများအပြင် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ၊ သီးနှံမျိုး၊ ရောဂါပိုးမွှားကာကွယ်ရေးစသည့် ကျေးလက်ဒေသတောင်သူ လယ်သမားများ၏ လိုအပ်ချက်များကို အဘက်ဘက်က အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိနေပါသည်။

အဘယ်ကြောင့်ပါနည်း။ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေသူများမှာ ကျေးလက်ဒေသများတွင်နေထိုင်လျက်ရှိကြပြီး နိုင်ငံလူဦးရေ၏အများစုမှာ ကျေးလက်ဒေသနေ ပြည်သူများဖြစ်နေကြသောကြောင့် ဖြစ်ပါသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်းပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ **ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး အဆင့်မြှင့်တင်ရေး၊ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး** လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများ အဘက်ဘက်က တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကို ဦးစားပေးပြီး နိုင်ငံတော်တစ်နံတစ်လျား အလေးထားဆောင်ရွက်ပေးလျက် ရှိနေပါသည်။

ထို့အတူ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်သွယ်သည့်လမ်းများကို ဖောက်လုပ်လျက်ရှိသည်။ ကျေးရွာနှင့်မြို့ဆက်သွယ်သည့်လမ်းများ၊ မြို့နယ်ချင်းဆက်သွယ်သည့် ကျေးလက်လမ်းများ၊ ခရိုင်ချင်း ဆက်သွယ်သည့် ကျေးလက်လမ်းများကို နိုင်ငံတစ်ဝန်း တိုးမြှင့်ဖောက်လုပ်လျက်ရှိကြောင်း နေ့စဉ် တွေ့မြင် ကြားသိနေရသည်။

အထူးသဖြင့် တတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကျေးလက်လမ်းနှင့် တံတားများစွာကို တည်ဆောက်၊ ဖောက်လုပ်လျက်ရှိသည်။ ကျေးလက်နှင့် မြို့ပြကွာဟနေမှုများ လျော့နည်းလာစေရန် အစီအမံများချမှတ် အကောင်အထည် ဖော်လျက်ရှိပါသည်။ နိုင်ငံတစ်ဝန်း တည်ဆောက်ဖောက်လုပ် ဖွင့်လှစ်လျက်ရှိသည့် လမ်း၊ တံတားများ အနက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလမ်း၊ တံတားအချို့ကို မှတ်တမ်းပြု တင်ပြလိုပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများဖောက်လုပ်ဖွင့်လှစ်လျက်ရှိရာတွင် မကွေးတိုင်းအတွင်းမှ မြို့နယ်ချင်းဆက်သွယ် ဖောက်လုပ်ထားသည့် သစ်ရာကောက်–စမ်းမကြီး–ကိုးပင်မြေသား လမ်းလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။



အဆိုပါသစ်ရာကောက်–စမ်းမကြီး–ကိုးပင်ဖြတ်လမ်းသည် ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီး မြို့နယ်နှင့် မကွေးမြို့နယ်များကို ဆက်စပ်ပေးထားသော ကျေးလက်လမ်းဖြစ်ပြီး ၂၁ မိုင် လေးဖာလုံရှည်ပါသည်။ ယခု ဖြတ်လမ်းသစ်ကို ဖောက်လုပ်လိုက်ခြင်းကြောင့် မကွေးမြို့မှ အောင်လံမြို့သို့ ဆက်သွယ်သွားလာရာတွင် ၂၆မိုင်ကျော် ခရီးတိုသွားကြောင်း သိရသည်။ သစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၅၅ ရွာမှ ကျေးလက်ပြည်သူများ ကူးသန်းဆက်သွယ်မှု သွားလာမှုလွယ်ကူလျက်ရှိပါသည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာသည်နှင့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်း၊ တံတားများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖောက်လုပ်လျက်ရှိရာ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့ကို ဆက်သွယ်ထားသည့် မြို့ချောင်း–စိန်ကန့်လန့် ပဲခူးရိုးမ ဖြတ်ကျော်လမ်း မြို့ချောင်းအပိုင်းလမ်းဖွင့်ပွဲကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၉ရက်နေ့က မြို့ချောင်းကျေးရွာ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါလမ်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် မြို့ချောင်း–စိန်ကန့်လန့်ရိုးမဖြတ်ကျော်လမ်းသည် ပဲခူးတိုင်း(အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာနှင့် ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ်စိန်ကန့်လန့်ကျေးရွာတို့ကို ဆက်သွယ်ထားပြီး မိုင် ၇၀ကျော်ရှိသည်။

ပဲခူးရိုးမအရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့ကို ဆက်သွယ်သွားလာရာ၌ မင်းလှမြို့မှ ပိန်းဇလုပ်မြို့အထိ ယခုဖြတ်လမ်းအတိုင်းသွားပါက ၈၈မိုင်သာရှိသည်။ ယခင်က ပြည်– ရန်ကုန်လမ်းမကြီးအတိုင်း ထောက်ကြန့်မှ တစ်ဆင့်ရန်ကုန်–မန္တလေးလမ်းမကြီးအတိုင်းသွားလျှင် မင်းလှမြို့မှ ပိန်းဇလုပ်မြို့အထိ ၁၇၂ မိုင်ခန့် ရှိမည်ဖြစ်သဖြင့် ၈၅မိုင်ခန့် ခရီးတိုသက်သာသွားပေသည်။

ပဲခူးတိုင်း(အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် မိုင်၇၀ကျော်ရှည် မြို့ချောင်း–စိန်ကန့်လန့် ရိုးမဖြတ်ကျော်လမ်းပုံစံကို တွေ့ရစဉ်။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် လယ်ယာကဏ္ဍတွင် လုပ်ကိုင်လျက်ရှိကြသည့် ကျေးလက်ဒေသပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာရေးကို နိုင်ငံတော်က အစဉ်အလေးထားသည်။ လူမှုစီးပွားရေး တိုးတက်မြင့်မားစေမည့် လိုအပ်ချက်များကို တစိုက်မတ်မတ် စီမံဖြည့်ဆည်းပေးလျက်ရှိနေပေသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကျိုးပြုလျက်ရှိသည့် ကျေးလက်လမ်း၊ တံတားများစွာတို့အနက် တစ်စိတ်တစ်ဒေသကိုသာ ထုတ်နုတ်တင်ပြခြင်းဖြစ်ပါသည်။ နိုင်ငံတော် တစ်ဝန်း ကျေးလက်ဒေသလမ်း၊တံတားများစွာကို တည်ဆောက်ဖောက်လုပ်လျက်ရှိရာ ဆက်လက်ရေးသားတင်ပြပါဦးမည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်၏ လူအများစုနေထိုင်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ဒေသအလိုက် တက်တက်ကြွကြွ အကောင်အထည် ဖော်လျက်ရှိနေကြသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် လမ်း၊ တံတား တည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် တပ်မတော်သားများက နိုင်ငံတော်တစ်ဝန်း အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြရာ ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

စားသုံးကုန်ပစ္စည်းများ သရုပ်ပြရှင်းလင်း

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့၊ အမှတ် ၆၉/၇၁၊ ဆူးလေဘုရားလမ်းရှိ Earth Trading Co., Ltd (Myanmar) နှင့် Pantainorasingh Manufacturer Co.,Ltd(Thailand)တို့ ပူးပေါင်းတင်သွင်းသော နိုင်ငံခြားဖြစ်မီးဖိုချောင်သုံး စားသုံးကုန်ပစ္စည်းများ သရုပ်ပြရှင်းလင်းပွဲကို မေ၉ရက်က လပြည့်ဝန်း ပလာဇာ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ သရုပ်ပြရှင်းလင်းပွဲတွင် မီးဖိုချောင်သုံးစားသုံးကုန် ပစ္စည်းများနှင့် ပတ်သက်၍ ဦးမြင့်ထွန်း (Business Development Manager)နှင့် Ms:Sahd-dtre Suphamongkol (Export Manager) Pantainorasingh Manufacturer Co.,Ltdတို့မှ မိတ်ဆက် အမှာစကားပြောကြားပြီး စားသုံးကုန်ပစ္စည်းများဖြစ်သော Chilli Paste With Soya Bean Oil,Tamaind Paste, Crab Paste With Soya Bean Oil, Light Soy Sauce,Oyster Sauce စသည့် အမျိုးအစားအားဖြင့် ၃၉ မျိုးရှိသော စားသုံးကုန်ပစ္စည်းများ၏ သုံးစွဲပုံများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

သရုပ်ပြ

ထို့နောက် ထိုင်းနိုင်ငံ Pantinorasingh Co.,Ltd မှ အူရာအီဝန် ဆန်တရာခွန် (Hotel-Cooker)နှင့် စားဖိုမှူးများက အဆိုပါပစ္စည်းများသုံးစွဲပြီး သရုပ်ပြချက်ပြုတ်၍ တက်ရောက်လာသော ဧည့်ပရိသတ်များအား လက်တွေ့ ဧည့်ခံကျွေးမွေးသည်။

အထက်ပါထိုင်းနိုင်ငံလုပ်မီးဖိုချောင်သုံးစားသောက်ကုန်ပစ္စည်းများကို Super Market ကြီးများအားလုံး၊ ညောင်ပင်လေးဈေး၊ သိမ်ကြီးဈေးစသော ဈေးကြီးများနှင့် မြို့နယ်အသီးသီးရှိ Store ဆိုင်ကြီးများ အားလုံးတွင် သင့်လျော်သော ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိရာ သုံးစွဲသူများအနေဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၅–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် "အစွန်းနှစ်ဖက်သို့ မကပ်ပါမှ"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် –Quality Control (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဏ်ကျွယ်လေး" (အပိုင်း–၂၁)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် "မိခင်သစ္စာ" (အပိုင်း–၇)(ဇာတ်သိမ်းပိုင်း)**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့ ဦးဆောင်နာယက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့၌ ကျင်းပသော ကျန်းမာရေး ပညာပေး ဟောပြောပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဟောပြောစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ကကြီးမှူး၍ ခရမ်းမြို့တွင် ကျန်းမာရေးပညာပေး ဟောပြော၊ အထူးကုဆရာဝန်ကြီးများ ကုသ

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သော မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့သည် အထူးကုဆရာဝန်ကြီးများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့သို့ သွားရောက်၍ ကျန်းမာရေးပညာပေးဟောပြောပြီး အထူးကုဆရာဝန်ကြီးများ၏ ဆေးကုသပေးမှုများကို ကြည့်ရှုအားပေး ကြသည်။

ကြိုဆို

မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သော မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီး ဆရာဝန်များအဖွဲ့မှ အဖွဲ့ဝင် ၄၅ဦး ပါဝင်သည့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈နာရီ၁၀မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့သို့ ရောက်ရှိကြပြီး ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန် အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ က ကြီးမှူးကျင်းပသည့် ကျန်းမာရေး ပညာပေးဟောပြောပွဲကို နံနက် ၈နာရီ မိနစ် ၄၀တွင် ခရမ်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ဗြဟ္မစိုရ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီး ဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာဝန်များ၊ ရန်ကုန်တောင် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်ပြည့်၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျန်းမာ ရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန် အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာ နိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန် အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန် များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်အုန်းလွင်က သွေးတိုးရောဂါနှင့် လူနေမှုဘဝ ပုံစံအကြောင်းကို ဟော ပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန် အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန် များအဖွဲ့-အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင် မွန်မွန်က သွေးလွန်တုပ်ကွေးရောဂါ အကြောင်းကို ဟောပြောသည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာ ရေးဦးစီးမှူးဒေါက်တာလှမြင့်က ကျေးဇူး တင်စကား ပြောကြားပြီး ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် ဟောပြောပွဲ သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန် အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင် ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ခရမ်း မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သက်ဖြိုးနှင့် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်း ရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် အထွေထွေရောဂါကု သမားတော်ကြီး နှင့်အဖွဲ့၊ နှလုံးအထူးကု ဆရာဝန်ကြီး နှင့်အဖွဲ့၊ အဆုတ်နှင့် ရင်ခေါင်း အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ ခွဲစိတ် အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ သား ဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး နှင့်အဖွဲ့၊ ကလေးအထူးကု ဆရာဝန် ကြီးနှင့်အဖွဲ့၊ မျက်စိအထူးကု ဆရာ ဝန်ကြီးနှင့်အဖွဲ့၊ အကြော/အဆစ် အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ အရေပြားအထူးကု ဆရာဝန်ကြီးနှင့် အဖွဲ့နှင့် တိုင်းရင်းဆေးသမားတော် ကြီးနှင့် အဖွဲ့တို့၏ လူနာများအား ဆေးကုသပေးမှုများကို လှည့်လည် ကြည့်ရှုပြီး လူနာများအား အားပေး စကားပြောကြားသည်။

ကုသမှုခံယူ

အဆိုပါ ရန်ကုန်မြို့မှ အထူးကု ဆရာဝန်ကြီးများ၏ ဆေးကုသမှု ပေးရာသို့ သုံးခွမြို့နယ်မှ လူနာ ၆၉ဦး နှင့် ခရမ်းမြို့နယ်မှ လူနာ ၇၃၁ဦး အပါအဝင် စုစုပေါင်း လူနာ ၈၀၀တို့ လာရောက်ပြသ ကုသမှုခံယူကြပြီး ဆေးကုသမှု ဆက်လက်ခံယူရန် လိုအပ် သောလူနာများအား ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီးများသို့ သွားရောက် ကုသမှုခံယူကြရန် အထူးကု ဆရာဝန် ကြီးများက မှာကြားကြောင်း သိရ သည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်း ရွှေနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့မှ ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင် နာယက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ပြည်သူ့ဆေးရုံအတွင်း အထွေထွေရောဂါကု သမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ အဖွဲ့က လူနာများအား ဆေးဝါးကုသပေးနေမှုကို လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘူမိဗေဒကျောင်းသားဟောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁၅

၁၉၆၈-၆၉-၇၀ပြည့်နှစ် ဘွဲ့ရဘူမိ ဗေဒ ကျောင်းသူ၊ ကျောင်းသားဟောင်း များ၏ စတုတ္ထအကြိမ် အာစရိယပူဇော် ပွဲကို မေ ၂၉ရက် (စနေနေ့)နံနက် ၁၀နာရီတွင် မဟာသန္တိသုခကျောင်း တော်ကြီး နတ်ချောင်း တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ပါဝင် လိုသူများသည် ဦးမြင့်ဝေ ဖုန်း- ၆၄၁၀၉၂၊ ဦးတင့်နောင် ဖုန်း-၂၂၅၅၆၉ (ရုံး)၊ ၆၄၁၉၅၀(အိမ်)၊ ၂၂၅၀၄၄(အိမ်)၊ ဦးတင်ကျော်သန်း ဖုန်း-၀၉- ၅၀၀၂၅၈၀၊ ၅၃၆၀၁၉(အိမ်)၊ ဦးခိုင် ရှင်း ဖုန်း-၂၉၉၃၇၂(ရုံး)၊ ဦးသိန်းဝင်း ဖုန်း-၅၈၀၆၂၅(အိမ်)၊ ၆၁၀၈၀၀(ရုံး)၊ ဦးမျိုးမြတ် ဖုန်း-၅၁၁၇၇၃(အိမ်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။(က-ပ)

မလေးရှားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး H.E. Datuk Dauglas Uggahတို့သည် ယမန်နေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံ မြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Parkroyalဟိုတယ်၌ တွေ့ဆုံ ကြပြီး နှစ်နိုင်ငံ စီးပွားရေးကုန်သွယ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စ၊ ပို့ကုန်ပစ္စည်းများ လွယ်ကူ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေး အတွက် ပီနန်ဆိပ်ကမ်းနှင့် ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ် H.E. Dato Cheah Sam Kip၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း နှင့် ဦးအောင်လွင်၊ အထွေထွေအတွင်း ရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်း ရေးမှူး(၁) ဦးမျိုးညွန့်နှင့် ဗဟိုအလုပ် အမှုဆောင် ဦးထွန်းကြည်တို့ တက် ရောက်ကြသည်။

အပြန်အလှန်ဆွေးနွေး

ထို့နောက် Business Meeting Between Penag Port Commission Delegation and UMFCCI ကို ကျင်းပပြီး တက်ရောက်လာကြ သော နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင် များက စီးပွားရေး လုပ်ငန်းဆိုင်ရာ များကို အပြန်အလှန် ဆွေးနွေးကြ သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ဗိုက္ကရဲရေထိန်းတံခါး
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say It In English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၂၅ ၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၄၂)**
၁၂:၀၀ ၄။ ASEAN QUIZ (2002) အစီအစဉ်
၁:၀၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "တမာထနောင်း စကားဝါဆောင်း" (နေထက်လင်း၊ မျိုးသန္တာထွန်း) (ဒါရိုက်တာ-မောင်မောင်မြင့်လွင်)**
၂:၄၅ ၆။ International News.
၃:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒ၊ရက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၂၅ ၇။ တေးဂီတအစီအစဉ်
၅:၃၅ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၅:၄၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၁၂)**
၇:၃၅ ၁၃။ ချင်းရိုးရာဝတ်စားဆင်ယင်မှု
၇:၄၀ ၁၄။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ Calcio Serie A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲဝင်ရန် လေ့ကျင့် အင်ဒိုနီးရှားနှင့်ထိုင်းအသင်းတို့ကို အဓိကထားယှဉ်ပြိုင်ရမည်

သတင်းဆောင်းပါး – ညီညီစိုးညွန့်၊ ဓာတ်ပုံ – စိုးညွန့်(ကြေးမုံ)

ရန်ကုန် မေ ၁၅

မြန်မာလူငယ် အမျိုးသားဘော်လီဘောအသင်းသည် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲများတွင် အောင်မြင်မှုသမိုင်းမှတ်တိုင် စိုက်ထူနိုင်သည်အထိ အမိနိုင်ငံတော်အတွက် အောင်ပွဲများ ရယူနိုင်ခဲ့ပြီးဖြစ်သည်။

ပြန်လည်ဆင်နွှဲမည်

နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲတွင် မြန်မာလူငယ် ဘော်လီဘောအသင်းသည် ကျင်းပပြီးသော (၁၂)ကြိမ်အနက် လေးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် သုံးကြိမ်၊ ငွေတံဆိပ် တစ်ကြိမ် ဆွတ်ခူးရရှိခဲ့သည်။ ပထမချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သောနှစ်များမှာ ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၆ ခုနှစ်တို့ဖြစ်သည်။ မြန်မာလူငယ်အသင်းသည်သုံးကြိမ်ဆက်တိုက် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့၍ ချန်ပီယံဆုဖလားကို အပိုင်ဆွတ်ခူးရရှိထားကြောင်းသိရသည်။ ၁၉၉၈ ခုနှစ်မှာတော့ မြန်မာလူငယ် ဘော်လီဘောအသင်းသည် ဒုတိယ ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၂ ခုနှစ်တို့တွင် မြန်မာလူငယ် ဘော်လီဘောအသင်းသည် အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်ခဲ့ရဘဲ ယခု (၁၃)ကြိမ်မြောက်ကျမှ တစ်ကျော့ပြန် ပြန်လည်ဆင်နွှဲမည် ဖြစ်သည်။

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် နိုင်ငံတကာဘော်လီဘောပြိုင်ပွဲများတွင် ရွှေရောင်အောင်မြင်မှုများ ဆက်တိုက်ဆွတ်ခူးနိုင်ရေးအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက အပတ်တကုတ် ကြိုးစားလျက်ရှိရာ ယခုပြိုင်ပွဲတွင်လည်း အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်ရေးအတွက် ဥက္ကဋ္ဌအပါအဝင် ပြိုင်ပွဲဝင် နည်းပြ၊ ကစားသမားများပါမကျန် အားသွန်ခွန်စိုက် ကြိုးစားလျက်ရှိသည်။

မြန်မာလူငယ်ဘော်လီဘောအသင်းသည် မကြာမီကျင်းပတော့မည့် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲတွင် အောင်ပွဲဆင်နိုင်ရေးအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်နေပုံများနှင့် စပ်လျဉ်း၍ ကြေးမုံက သွားရောက်မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိန်းက ပြန်လည်ဖြေကြားခဲ့ပါသည်။

ပေါင်းစပ်ရွေးချယ်

ဦးစိုးသိန်းက ကြေးမုံသို့ ပြောကြားရာတွင် "အသင်းကို မတ်လ ၂၈ရက်မှစ၍ စခန်းသွင်းလေ့ကျင့်ခဲ့ကြောင်း၊ ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နှင့် အိမ်ရှင်မလေးရှားကိုလည်း လျှော့တွက်၍မရကြောင်း၊ မိမိတို့အသင်း အောင်မြင်မှုရရှိရေးအတွက်အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနီးကပ်လမ်းညွှန်ပေးကြောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်ကလည်း အသင်းကို အစားအသောက်ကအစ လိုလေသေးမရှိအောင် ပံ့ပိုးပေးထားကြောင်း၊ ကစားသမားများကလည်း စိတ်ဓာတ် မြင့်မားနေပြီး ပြင်းပြင်းထန်ထန်လေ့ကျင့်နေ၍ အားရမိကြောင်း၊ ပြိုင်ပွဲတွင် အကောင်းဆုံးဖြစ်အောင်ကြိုးစားပြီး ဆုတံဆိပ်ဆွတ်ခူးနိုင်အောင် အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ရွေးချယ်ထား

ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ကစားသမားများမှာ ဗဟိုကစားသမားများအဖြစ် ဘိုဘိုထွန်း(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ဇော်ဇော်နောင် (လူဝင်မှု)၊ စိုင်းညီလေး (လူဝင်မှု)၊ အောင်ကြိုင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ သန့်ဇင်အောင် (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ စောကျော်အောင်(ပို့ဆောင်ရေး)၊ဘယ်ခြမ်း အရိုက်သမားများအဖြစ် စည်သူထွန်း (လူဝင်မှု)၊ ပြည့်ဖြိုးလှိုင်(လူဝင်မှု)၊ ကျော်သူရ(ပို့ဆောင်ရေး)၊ ဖြိုးဝေလှိုင် (ပို့ဆောင်ရေး)၊ မြတ်ကျော်ထွန်း(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ညာခြမ်းအရိုက်သမားများအဖြစ် မောင်မောင်ထွေး (ပို့ဆောင်ရေး)၊ သားအို(ကာကွယ်ရေး)၊ ပင့်ထောင် ကစားသမားများအဖြစ် စံရွှေမောင် (ပို့ဆောင်ရေး)၊ လွမ်းမိုးအောင်(ကာကွယ်ရေး)၊ ချမ်းငြိမ်းသူ (လူဝင်မှု)၊ လစ်ဘရိုကစားသမားအဖြစ် တင်မောင်ထွေး(ပြည်ထဲရေး) တို့ဖြစ်သည်။

တစ်ကျော့ပြန်ဆင်နွှဲမည့် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲတွင် မြန်မာလူငယ်အမျိုးသား ဘော်လီဘောအသင်း အနေဖြင့် ရွှေရောင်လမ်းကြောင်းပေါ်သို့ ပြန်လည်လျှောက်လှမ်းနိုင်ပါစေဟု မျှော်လင့်မိပါသည်။ ။ **(ကြေးမုံ)**

စနစ်တကျလေ့ကျင့်

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲဝင်ရန် ပဏာမမြန်မာလူငယ် အမျိုးသားအသင်းအား နည်းပြများက စပေးသော စနစ်တကျ လေ့ကျင့်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

(၁၃)ကြိမ်မြောက်အရှေ့တောင်အာရှလူငယ်ဘော်လီဘော ပြိုင်ပွဲကိုမလေးရှားနိုင်ငံတွင် ဩဂုတ်လ နောက်ဆုံးပတ်တွင် ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ်ဘော်လီဘောအသင်းသည် ပဏာမကစားသမား ၁၇ဦးရွေးချယ်ကာ နည်းပြ ဦးစောဟင်နရီနှင့် ဦးစိုင်းထွန်းဦးတို့က အောင်မြင်မှုရရေး ရည်မှန်းချက်ထားကာ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမကစားသမားများကို ဝန်ကြီးဌာနအသင်းများနှင့် ပြည်နယ်နှင့်တိုင်းအသင်းတို့မှ အလားအလာရှိသူများကို ပေါင်းစပ်ရွေးချယ်ခဲ့ကြောင်း၊ အသင်းကို စတင်လေ့ကျင့်ရာတွင် အခြေခံမှ စတင်လေ့ကျင့်ပေးခဲ့ကြောင်း၊ နံနက် နှစ်နာရီခွဲ၊ ညနေ နှစ်နာရီခွဲ ပုံမှန်လေ့ကျင့်ခဲ့ကြောင်း၊ အသင်းမှာ လေ့ကျင့်ချိန် တစ်လကျော်ရှိလာ၍ များစွာ တိုးတက်မှုရှိလာကြောင်း၊ အားနည်းချက်များကိုလည်း အချိန်မီ ပြုပြင်နေကြောင်း၊ အကောင်းဆုံး အနေအထားရောက်ရှိအောင်လည်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးနေကြောင်း။

အကောင်းဆုံးပြင်ဆင်

ပြိုင်ပွဲတွင် တွေ့မည့်အသင်းများ အနေထားကို မသိရသေးကြောင်း၊ ပြိုင်ပွဲဝင်အသင်းများကလည်း အသေအချာ ပြင်ဆင်လာကြမှာဖြစ်၍ ကိုယ့်ဘက်ကလည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေကြောင်း၊ အင်ဒိုနီးရှားနှင့် ထိုင်းကို အဓိကထား ယှဉ်ပြိုင်ရမည်

ရိုက်ချက်မှူလေ့ကျင့်

အရှေ့တောင်အာရှ လူငယ်ဘော် လီ ဘော ပြိုင် ပွဲ ဝင် ရန် အတွက်ပဏာမ မြန်မာလူငယ် အ မျိုး သား ရိုက်ချက်မှူလေ့ကျင့် လျက် ရှိ သည်ကို တွေ့ရစဉ်။

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်–ဒေါ်ခင်စန်းမြတို့၏သားငယ်

ဗိုလ်ကြီးထွန်းလွင်ထွန်း

B.Sc(D.S.A), M.Sc(Chemistry)(Credit)Y.U, Dip.FT, Dip.DS

နှင့်

ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာဦးမင်းနိုင်–ဒေါ်ထားထားစိုး (Expo Myanmar Co., Ltd.)တို့၏သမီး

မစုစန္ဒာနိုင်(ခ)မစုစုလှိုင် B.Sc(Zoology)

တို့၏ ၉–၅–၂၀၀၄(တနင်္ဂနွေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဆောင်မွန်များပေးပို့ကြသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာလက်ဆောင်မွန်ပေးပို့သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး၊ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်သော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးခြင်းနှင့် ၈–၅–၂၀၀၄(စနေနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သော ထိမ်းမြားလက်ထပ် မင်္ဂလာပွဲသို့ ကြွရောက်၍ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ မိဘများ၏ လက်ဖွဲ့ရတနာများကို ချီးမြှင့်ပေးသော ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေတို့အားလည်းကောင်း၊ လက်ထပ်စာချုပ် ချုပ်ဆိုပေးသော ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်အားလည်းကောင်း၊ အသိသက်သေများအဖြစ် ပါဝင်လက်မှတ်ရေးထိုးပေးကြသော ဒုတိယဗိုလ်မှူးကြီးသိန်းငွေဝင်းနှင့် ဦးထွန်းအေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးခဲ့သော ဒေါက်တာဦးခင်ရွှေနှင့်ဇနီး ဒေါ်စန်းစန်းကြွယ်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးခြင်းနှင့် မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မအိဖြူဝင်းအားလည်းကောင်း၊ မေတ္တာဖြင့်ကူညီသော ဦးသန်းဇော်၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ပေးသော အကိုင်းနှင့်အဖွဲ့၊ မိတ်ကပ်အောင်အောင်၊ ဘက်စုံထောင့်စုံမှ လစ်ဟင်းမှုမရှိအောင် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသူများအားလည်းကောင်း၊ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်နှင့် ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၅–၅–၂၀၀၄(စနေနေ့)တွင် ကမ္ဘာအေးမိုးကုတ်ဆွမ်းစားဆောင်၌ပြုလုပ်သော မင်္ဂလာဆွမ်းကပ်အလှူပွဲသို့ ကြွရောက်လာကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိုးကုတ်ဆွမ်းစားဆောင်မိသားစုများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိအပ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးထွန်းလွင်ထွန်း–မစုစန္ဒာနိုင်(ခ)မစုစုလှိုင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း) [ဒုတိယအထွေထွေမန်နေဂျာ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် (M.B.L)]–ဒေါ်မြမြသိန်း (ကျောင်းအုပ်ဆရာမကြီး၊ အထက–၄၊ ဗိုလ်တထောင်)တို့၏သားကြီး

ဗိုလ်ကြီးသူရိန်(ခ)သက်ထွန်းဦး

B.E(D.S.T.A) M.E.(YTU) Ph.D First Semester (Electrical Power) နှင့်

ဦးငွေသိန်း(လက်ထောက်အင်ဂျင်နီယာချုပ်၊ စက်ရုံမှူး–ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)–ဒေါ်သီသီအေး(အလပြ၊ ငြိမ်း)တို့၏သမီး

ဒေါက်တာအေးမြသန္တာ (M.B.,B.S)

(အလုပ်သင်ဆရာဝန်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)

တို့သည် ၁၃–၅–၂၀၀၄ (ကြာသပတေးနေ့)တွင် (International Business Center) ၌ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသူရိန်–ဒေါက်တာအေးမြသန္တာ။

ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စီမံခန့်ခွဲမှု အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၁၅

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာစီပီ မွေးမြူရေးကုမ္ပဏီလီမိတက်နှင့် အောက်တာမင်မိုရီရယ် ကုမ္ပဏီလီမိတက်တို့က စီစဉ်ကျင်းပခြင်းဖြစ်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့မှ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ချူလာလောင်ကွန်တက္ကသိုလ်မှ ဒေါက်တာ ဂျီရွှန်းဆက်စီပရီရဂျန်က အာရှဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ဆောင်မှု အစီအစဉ်များကို လည်းကောင်း၊ အောက်တာမင်မိုရီရယ်ကုမ္ပဏီလီမိတက်မှ ဒေါက်တာ စက်ကမ်က ကြက်ငှက် တုပ်ကွေးရောဂါ ဆိုင်ရာ သက်ရှိအန္တရာယ်လုံခြုံမှု (BIO Security) နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်းကောင်း တင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေး ဆွေးနွေးပွဲ ကျန်းမာရေးနှင့် ပညာရေးဌာန ပူးပေါင်းဆောင်ရွက်

ပုသိမ် မေ ၁၀

ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးလျက် ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းများတွင် ခုခံအားကျဆင်းမှုရောဂါ ကာကွယ်တားဆီးရေး(HIV ကာကွယ်ခြင်း) အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်း ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်းခွဲ(ပုသိမ်) ခန်းမတွင် မေ ၇ရက် နံနက် ၈နာရီက ကျင်းပသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းနှင့် ပတ်သက်၍ တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးခင်မောင်ရီက ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ဧရာဝတီတိုင်း ၂၆မြို့နယ်မှ ကျန်းမာရေးဦးစီးမှူးများ၊ မြို့နယ်ကျန်းမာရေးမှူးများ တက်ရောက်ကြသည်။ သင်တန်းတွင် ရန်ကုန်မြို့ ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ဥမ္မာစံနှင့် အဖွဲ့ဝင်များ မေ ၈ရက်တွင် ဆွေးနွေးကြသည်။ **(၁၆၅)**

နွေစပါးစိုက်ပျိုးမှု လယ်သမားများနှင့် သွားရောက်တွေ့ဆုံ

ကလေး မေ ၈

စစ်ကိုင်းတိုင်း ကလေးခရိုင် ၂၀၀၄–၂၀၀၅ ခုနှစ် နွေစပါးစိုက်ပျိုးချိန်၌ ကလေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ ကျော်အတွင်းတွင် မိုးစပါးပြီး နွေစပါးနှစ်သီးစားအဖြစ် စိုက်ဧက ၆၀၀၀ ကျော် သတ်မှတ်ချက်အရ စိုက်ပျိုးနိုင်ရေးအတွက် ကလေးခရိုင် နွေစပါးစိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များသည် အဆိုပါကျေးရွာ အုပ်စုအတွင်းရှိ ဒေသခံတောင်သူလယ်သမားကြီးများအား သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး မေလ ပထမအပတ်အတွင်းတွင် နွေစပါးစိုက်ဧက ၅၇၅၀ ကျော်အထိ စိုက်ပျိုးပြီးစီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၁၇)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ချောင်းကူးတံတားဖွင့်

ကျိုက်လတ် မေ ၁၁

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် တမံကြီးကျေးရွာနှင့် မအူပင်မြို့နယ် တမံကြီးကျေးရွာ ဆက်သွယ်သော ကျေးလက် ချောင်းကူးတံတားဖွင့်ပွဲကို မေ ၃ရက် နံနက်ပိုင်းက တမံကြီးကျေးရွာတံတားထိပ်မုခ်ဦး၌ ကျင်းပရာ ညောင်ငူ စာသင်တိုက် ဆရာတော် ဦးဝိသုဒ္ဓ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်နှင့် စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကမ္ပည်းကျောက်စာတိုင်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုရဲမှူး ဆလိုင်းဒူးမန်း၊ အဖွဲ့ဝင်(၂) ဦးမြဝင်းအောင်၊ တပ်ဆွယ်မှူး ဦးငွေအောင်နှင့် ဒုဦးစီးမှူး ဦးမျိုးတင့်တို့က ဖွင့်လှစ်ပေးသည်။

ဆောက်လုပ်ခဲ့

အဆိုပါ တံတားမှာ အရှည်ပေ ၆၀၊ အကျယ် ၆ ပေရှိ ကွန်ကရစ်တိုင်၊ သစ်သားခင်းတံတားဖြစ်ပြီး ကျိုက်လတ်မြို့ ညောင်ငူစာသင်တိုက် ဆရာတော် ဦးဝိသုဒ္ဓနှင့်တပည့်ဒါယကာ၊ဒါယိကာမများက ငွေကျပ် ၁၄ သိန်း အကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်/စည်ပင်)**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျုံကန်ကျေးရွာနှင့် ညောင်ပင်သာ ကျေးရွာတို့မှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဧပြီ ၂၂ ရက်က ကျုံကန်ကျေးရွာတွင် ကျင်းပရာ ဒုတိယခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ဘုန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၈၆)

ကြေးမုံ မြို့နယ်သတင်းများ

ကားလမ်းဘေး ဝဲ၊ ယာ ပန်းအလှပင်များ စိုက်ပျိုး

ရမည်းသင်း မေ ၅

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့အင်္ဂါရပ်နှင့်အညီ ညီညွတ်လှပစေရေးအတွက် မြို့အဝင်ကားလမ်းဘေး ဝဲ/ယာတို့တွင် ပန်းအလှပင်များကို စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးထားရှိမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းဝါတို့က ဧပြီ ၂၉ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၁၅)**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သော ရိုးမအနောက်လမ်းအား မေ ၇ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မထီကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်

တောင်တွင်းကြီး မေ ၇

တောင်တွင်းကြီးမြို့နယ် ဟင်္ဂရော်ကျေးရွာအုပ်စု မထီကျေးရွာတွင် စည်ပင်သာယာရေးဘဏ် လီမိတက်က လှူဒါန်းသည့် အလှူရှင်စက်ရေတွင်း ဖွင့်ပွဲကို မေ ၅ ရက် နံနက်က အဆိုပါ စက်ရေတွင်းအနီး၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

စက်ရေတွင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် ဟင်္ဂရော်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကောင်းကြည်တို့က ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

စက်ရေတွင်း၊ ရေစက်ရုံနှင့် အုတ်ရေကန်တို့အား စည်သာယာရေးဘဏ် လီမိတက်က လှူဒါန်းသည့်ငွေ ၇၆၇၇၁၃ ကျပ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျခံသုံးစွဲငွေ ကျပ် ၁၇၉၅၀၀ စုစုပေါင်း ကုန်ကျငွေ ၉၄၇၂၁၃ ကျပ် ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝတ်စုံစရိတ် ပေးအပ်

ကျောင်းကုန်း မေ ၈

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်စန်းက အမှာစကားပြောကြားသည်။

ဝတ်စုံစရိတ်ပေး

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကြည်စန်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်း ၂၇ဦးအတွက် ဝတ်စုံစရိတ်နှင့် ထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၂၅၆၀၀ ကို ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား မြို့နယ် ဒုဦးစီးမှူး ဦးအောင်မြင့်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၃၆၅)**

